အခုကျွန်တော်တို့ရောက်နေသော နေရာသို့ သင်ရောက်ပါပြီ။ ကောင်းပါပြီ။ အခု သူဟာထိုနေရာမှာ ညှင်းဆဲသတ်ဖြတ်ပါတယ်.... ထိုအံ့ဖွယ်ညီအစ်ကိုများကို ထိုနေရာမှာသတ်ဖြတ်ခဲ့ပါတယ်။ အန္တိပ။

53 ၅၃။ ထို့နောက်သူ့နည်းစနစ်ကို ပြောင်းလဲခြင်း....။ ပထမတော့ သူဟာ ခရစ်ယာန်တွေကိုနှိပ်စက်ညှင်းပန်း သူပါ။ အို၊ သူဟာ ခရစ်ယာန်ဝါဒကို အလွန်မုန်းတီးခဲ့တယ်။ သူကသူ့ကိုယ်တိုင် ဘုရင်-ဘုန်းကြီးတစ်ယောက်၊ သဘာဝလမ်းစဉ်အားဖြင့် ဒိဋ္ဌိ တစ်ယောက်ပါ၊ သူဟာသူရဲ့ စိတ်သဘောထားကို ပြောင်းလဲခဲ့ပြီး constantineအတူပေါင်းစည်းခဲ့တယ်။

constantine ဟာမမြဲတမ်းတွေးတောနေပါတယ်။ သူဟာ ယနေ့ခေတ် ပုပ်ရဟန်းမင်းအားဖြင့် ကိုလမ်းဘတ်စ်၏သူရဲကောင်းချီးမြောက်ခြင်းအစဖြစ်ပါတယ်။ အခု.... သွေးစွန်းသော ကျမ်းကျိန်ချက်ကိုပေးခဲ့သူပါ။ သို့သော် Constantine(ကျွန်တော်ဒါကိုရိုသေလေးစာမှုဖြင့်ပြောတာပါ။)ဟာဘယ်တော့မှ သမိုင်း အားဖြင့် ကျွန်တော် ဒါကို ဖတ်တဲ့ပုံစံကနေ မပြောင်းလဲပါ။

54 ၅၄။ အခုသူဟာတစ်ခုမှာ အိမ်မက်တစ်ခုမက်ခဲ့တယ်... သူကားတိုင်တစ်ခုကိုမြင်တယ်၊ သူစစ်ပွဲကိုထိုအရာအားဖြင့် နိုင်မယ်လို့ ပြောခဲ့တယ်၏။ ဒါကြောင့်... သူခရစ်ယာန်တွေကိုလွှတ်ဖို့ကတိပေးခဲ့လိုက်တယ်။သူခရစ်ယာန်တစ်ယောက်ဖြစ်လာပါလိမ့်မယ်။ သူတို့ဟာ သူ့အတွက် စစ်နိုင်ဖို့ဆုတောင်းပေးရင်ပေါ့။ ကျွန်တော် တို့တံတားပေါ်မှာ မတ်တပ်ရပ်ခဲ့တယ်။ ထိုနေရာမှာ သူ.... တံတား၏ အခြားဘက်မှာ အိပ်နေပြီး အိမ်မက်မက်ခဲ့ တယ်၊ထို့နောက် နိုးလာပြီး ဒိုင်းလွှားပေါ်မှာ အဖြူရောင်ကားတိုင်ပုံစံ တစ်ခုဆွဲလိုက်တယ်... သူဒိုင်းလွှား နှင့် သူ့ စစ်သည်အားလုံး၏ ဒိုင်းလွှားတွေပါ။ရောမ ကတ်သလစ် လွှမ်းမိုးခြင်းအောက်၌ ရှိသောသူကိုလမ်းဘက်စ်၏သူရဲကောင်းချီးမြောက်ခြင်းဟာထိုနေရာမှာစခဲ့ပါတယ်။

သို့သော်သူသည်ဘာသာရေးနှင့်ပတ်ငက်သောအရာတစ်ခုကိုတောင် မလုပ်ခဲ့ပါ။ ကျွန်တော်တွေ့ရ သလောက်သမိုင်းမှာရေးထားသောသူလုပ်ခဲ့သော တစ်ခုတည်းသောအရာကတော့ သူတော်စင်ဆိုဖီယာဘုရားကျောင်းထိပ်ပေါ်တွင်ကားတိုင်တစ်ခုထားခဲ့တာပါ။ဒါပေမဲ့သူဟာနိုင်ငံရေးသမားတစ်ယောက်ဖြစ်ပါတယ်။ ထိုအချိန်သူဟာရောမဧကရာဇ်ဖြစ်လာသောအခါ သူနှင့်ထိုဒိဋ္ဌဘုန်းကြီးတို့အတူတကွပေါင်းစည်းပြီးထိုအချိန်၌ နိကောလဟုခေါ်သော မပူမအေးအသင်းတော်ထဲတွင် အလိုရှိခဲ့သည် ... ကျွန်တော်တို့အား ခေါ်ဆောင်သွား ပါတယ်၊ အနာဂတ်တွင်၊ ဖေက်အသင်းတော်ကိုလေ့လာမှုတွင်၊ အစရှိသဖြင့် စမုရနအပါအဝင် - နိကောလတွေပါ။

55 ၅၅။ နိကောလဟာဖြစ်လာပါတယ်... အစဦး၌ဒီမှာဖြစ်ခဲ့သလိုမျိုးအပြုအမူတစ်ခုမဟုတ်ပါ။ဒါပေမဲ့ဒီမှာတော့ ဩဝါဒတစ်ခုရှိပါတယ်။ ဒီမှာဆောင်ရွက်ချက်တစ်ခုရှိခဲ့တယ်။သူတို့ကထိုထဲဝင်ဆံ့နိုင်ဖို့ ကြိုးစားနေကြတယ်။ သို့သော်ထိုအလွန်တတိယအသင်းတော်ခေတ်တွင် ဒါဟာဩဝါဒတစ်ခုဖြစ်လာတယ်။ မြင့်မားသော ခရစ်ယာန်ဘုန်းကြီးများနှင့်နောက်လိုက်ကောင်တွေ - သူတို့ကိုပုပ်ရဟန်းမင်းတွေလို့မခေါ်နိုင်သေးပါ။ ဒါပေမဲ့ သူတို့ကိုခရစ်ယာန်ဂိုဏ်ချုပ်လိုမျိုးခေါ်ကြပါတယ်။ သင်သိလား၊ နောက်လိုက်ကောင်တွေဟာထင်ရှားပါတယ်။ သူတို့ရဲ့ဩဝါဒတွေက ... တသမတ်တည်းပါပဲ။သူတို့ဟာဝိညာဉ်တော်နှင့်ပြည့်ဝသော သန့်ရှင်းသော ဝိညာဉ်တော်၏ ဦးဆောင်သောအသင်းတော်မှရှောင်ခွာသွားကြပါတယ်။ သူတို့ဟာသူတို့ကို အနည်းစုသာ ထွက်ခွာစေပြီး ဆန့်ကျင်သောသဘောဝါဒရှိသူဟုခေါ်ကြပါတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ကြီးမြတ်တဲ့ ဘာသာရေးတွေကိုလက်ခံဖို့သဘောမတူကြလို့ပါ။

သို့သော်အသင်းတော်ကတော့ လွတ်လပ်စွာပြောဆိုချင်ပါတယ် - တရားစီရင်ပိုင်ခွင့်လောက်သန့်ရှင်းသောဝိညာဉ်တော်၏ တန်းခိုးအာဏာအောက်တွင် ယေရှုသူတို့ကိုကတိပေးခဲ့သည့်အတိုင်းပါ။သူဟာ သူတို့နှင့်အတူရှိပါမယ်၊ သူဟာသူတို့၏ရှင်ဘုရင်ဖြစ်ပါတယ်။ အို၊ သူတို့၏ဘုရင်။

56 ၅၆။ စစ်မှန်သောအသင်းတော်ဟာသဘောထားဘယ်တော့မှမပြောင်းလဲပါ။ အဖွဲ့အစည်း၏အုပ်စိုးခြင်းမခံပါ ...။ သင်သူတို့ကိုထိုသို့ခေါ်ထုတ်တယ်ဆိုတာကို ကျွန်တော်မသိပါ - ခရစ်ယာန်ဘုန်းတော်ကြီးများ၊ခရစ်ယာန် ဂိုဏ်းအုပ်များ၊ ပုပ်ရဟန်းများ၊ အမှားအယွင်းကင်းသောသူများ။ကျွန်တော်ယုံကြည်တာက အမှားကင်းသော သူတစ်ယောက် ရှိတယ်ဆိုတာပါ။သူကကျွန်တော်တို့ရဲ့ဘုရင်ပါ။ သူကယေရှုခရစ်တော်ပါ။ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့်ကျွန်တော်တို့နှင့်အတူရှိနေတာပါ။ ကျွန်တော်တို့ထဲမှာရှိသော ဘုရားသခင်၊ ကျွန်တော်တို့ ထဲမှာအသက်ရှင်ပါတယ်။ ကျွန်တော်တို့ကို လမ်းညွှန်ပေးတယ်။ အသက်ရေဆီသို့ကျွန်တော်တို့ကို လမ်းပြပေးတယ်။ သူကိုယ်တိုင်အားဖြင့်ဖွင့်ပြခဲ့တယ်။ -သူအစောပိုင်းသူတော်စင်တွေ၊ အာဇာနည်တွေကို လုပ်ဆောင်ပေးသလိုမျိုးပါ။ - သူဟာဖန်ဆင်းသောဘုရား၊ အနာရောဂါပျောက်သောဘုရား၊ နတ်ဆိုးတွေကို နှင်ထုတ်သောဘုရားဖြစ်တယ်ဆိုတာကိုပါ။

57 ၅၇။ တစ်ကြိမ်မကပါ၊ရောမ၏ရာထူးအဆင့်ဆင့်က ဖွဲ့စည်းတည်ထောင်ခဲ့သော နိကောလအသင်းတော်၏ ဘုန်းကြီးများထဲကတစ်ယောက်ကိုကျွန်တော်ရနိုင်ပါတယ်၊ ပုပ်ရဟန်းမင်း ...။ သမိုင်းတွင်တစ်ကြိမ်ကပါ၊ ကျွန်တော်တို့တွေမှာထိုဘုန်းကြီးတွေက တစ်ယောက်ဟာသေသောသူတွေကို ထမြောက်စေတယ်။ ဒါမှမဟုတ်တစ်ခုခုလိုမျိုး လုပ်ဆောင်နိုင်တယ်ဆိုတဲ့မှတ်တမ်းမရှိပါ။ ဘာကြောင့်လဲဆိုတော့ခရစ်တော် (ရှင်ပြန် ထမြောက်ခြင်း) ကသူတို့ရဲ့နှလုံးသားထဲမှမရှိလို့ပါ။ သူတို့ကပေါင်းစည်းပြီးဂိုဏ်းတစ်ခုအတွက်ဖြစ်ခဲ့ပါတယ်။ တစ်ခြားအသင်းတော်တွေမှာတော့ဂုဏ်ရာထူးကြီးသူတွေရှိကြတယ်။ ဒါပေမဲ့စစ်မှန်သောအသင်းတော်ဟာဝိညာဉ်တော်ဖြင့်သာရှင်သန်တယ်။ သင်တို့နားလည်ကြသလား ? ကောင်းပါပြီ။

58 ၅၈။ အခု...

Constantine သည်သူ၏ကေရာဇ်နှင့်ဆက်သွယ်ဖို့ သူလုပ်ခဲ့တဲ့အရာတွေဟာ ဒီမှာပါ။ သူဟာ နိကောလတွေကိုခေါ်ပြီးသူတို့ခေါ်သွားခဲ့သည်။ ဒါကခရစ်ယာန်ဝါဒတစ်မျိုးပါ။ ဒါကိုရှင်းလင်း နားလည် ပါသလား ? သူတို့ကခရစ်ယာန်တွေပါ၊ သူတို့ကိုသန့်ရှင်းသောဝိညာဉ်တော်မပါသော ဟန်ဆောင်ခရစ်ယာန် တွေလို့ခေါ်ပါတယ်။ အို၊ကျွန်တော်ဒါကိုနစ်မြုပ်သွားမယ်လို့ မျှော်လင့်ပါတယ်၊ သို့မှသာ သင်ဒါကို ဘယ်တော့မှထွက်သွားခွင့်မပြုမှာပါ။ မြင်လား ?ဒါဟာခရစ်ယာန်ပါ၊ သန့်ရှင်းသောဝိညာဉ်တော်မပါတဲ့ ခရစ်ယာန် ဂိုဏ်းခွဲတွေပါ။

သူတို့ဟာနာမည်အားဖြင့်တော့ခရစ်ယာန်ပါ၊ သူတို့ဟာ အတူတကွစုရုံးခြင်းအားဖြင့်တော့ ခရစ်ယာန် တွေပါပဲ၊ သူတို့ပေါင်းသင်းဆက်ဆံကြတယ် ပြီးတော့အဆိုအမိန့်တွေကို ထိန်းသိမ်းကြတယ်၊ ဒါပေမဲ့သန့်ရှင်းသော ဝိညာဉ်တော်ဦးဆောင်မှုကိုတော့ ငြင်းဆန်ကြတယ်။ သူတို့တွင်နိမိတ်လက္ခဏာ၊အံ့ဩ ဖွယ်ရာတွေ မရှိကြဘူး။ အတိတ်မှာတော့ ဒါတွေရှိတယ်ဆိုတာ အခိုင်အမာဆိုကြတယ်။ ဆိုလိုတာက သူတို့ဟာ အုပ်ချုပ်မှုအာဏာအတွက် မိနစ်အနည်းငယ်အတွင်းကျွန်တော်တို့ထဲကိုဝင်ကြပါတယ်။

59 ၅၉။ ထို့ပြင်သန့်ရှင်းသောဝိညာဉ်တော်အသင်းတော်ဟာထိုအရာတွေရဲ့အဝေးမှာရှိပါတယ်။ သို့သော် ပေရဂံ၌အသင်းတော်တမန်ဆီသို့ပြောကြားခဲ့ပါတယ်။ ကြည့်ပါ။ ဘာကြောင့်လဲဆိုတော့ဒါဟာသူလုပ်ရမဲ့တာဝန်ပါပဲ။

သို့သော် Constantine က ခရစ်ယာန်ဝါဒကိုစိတ်မဝင်စားခဲ့ပါ။သူကသူ၏ဒိဋ္ဌိအသင်းတော်ကိုသာ ယူဆောင်ချင်တာပါ။ အမြစ်ဆွဲသောလောဒိကိ ... သို့မဟုတ်၊ အမြစ်ဆွဲပြီးရောမတွင်ပေါက်သော နိကောလ၊ကြီးမြတ်သောပြသမှုတစ်ခုဖြစ်ခဲ့သည် ... လူတော်တော်များများဟာ သမာရိုးကျခရစ်တော်ယုံကြည်သူတွေ ဖြစ်ခဲ့ကြတယ်။

စစ်မှန်သောအသင်းတော်ဟာအနည်းစုဖြစ်ပါတယ်။ - အမြဲတမ်းပါ၊ အမြဲတမ်းဖြစ်စေခဲ့ပါတယ်။ ကျွန်တော်ကတစ်မိနစ်လောက်စောင့်ပါမည်။ ထိုအရာကို တစ်ကယ်နက်ရှိုင်းရှိုင်းစုပ်ယူသောအခါ၊ကြည့်ပါ။သတိရပါ။ စစ်မှန်သောအသင်းတော်ဟာ အခြားသောအသင်းတော်တွေအားဖြင့် တွန်းထုတ်ခံရသောအဖွဲ့အစည်းလေးတစ်ခု ဖြစ်ခဲ့ဖူးပါတယ်။

စစ်မှန်သောအသင်းတော်ဆိုတာဘယ်တော့မှအဖွဲ့အစည်းမဖွဲ့ပါ။ဘာကြောင့်လဲဆိုတော့ ဒါဟာ သက်ရှိတစ်ခု မဟုတ်လို့ပါဘဲ။ ဒါဟာလောကီတွင်အသက်ရှင်သောခရစ်တော်ယေရှု၏ လျှို့ဝှက် ဆန်းကြယ်သော ခန္ဓာကိုယ်ပါ။ ထိုအသင်းဝင်တွေထဲလှုပ်ရှားသောသန့်ရှင်းသောဝိညာဉ်တော်ပါ။ ဒါကြောင့် သင်သည် ခရစ်တော်ကိုဖွဲ့စည်းလို့မရပါ။သင်မလုပ်နိုင်ပါ။ လောဒိကိကာလအတွက် ထိုပေါ်သို့ ကျွန်တော်သင့်ကိုဆုပ်ကိုင်ထားစေချင်ပါတယ် သတိရပါ၊ သိမ်းဆည်းထားစေချင်ပါတယ်၊ ဘာကြောင့်လဲ ဆိုတော့ကျွန်တော်ပြောသမျှစကားလုံးတိုင်းဟာ ဤတိပ်ခွေပေါ်မှာရှိပါတယ်။

60 ၆၀။ အခုသတိရပြီးဒါကိုစိတ်ထဲမှာ သိမ်းထားကြပါ၊ ဘုရားသခင်၏ စစ်မှန်တဲ့အသင်းတော်ဆိုတာ ကက်သလစ်အသင်းတော်ဟာ ကမ္ဘာတွင်ပထမဆုံးအဖွဲ့အစည်းဆိုတာကိုသိကြပါတယ်။ အရင်တုန်းက တစ်ခါမှအဖွဲ့အစည်းဆိုတာ မရှိခဲ့ပါ။ ကတ်သလစ်အသင်းတော်တွေပြောသလိုပါဘဲ။ အဲ့ဒါက ‘မိခင်အသင်းတော်’ ဖြစ်ပါတယ်။ မိခင်အသင်းတော်ဆိုတာအဖွဲ့အစည်းအသင်းတော်တွေရဲ့ မိခင်ဟု ဆိုလိုတာပါ။ ကျမ်းစာကသူမဖြစ်ပါတယ်ဟုပြောပါတယ်။ သင်ဒါကိုအငြင်းပွားနေလို့မရပါ။ သူတို့က ‘ဒါမိခင်အသင်းတော်ပါ’ ဟုပြောတဲ့အခါ၊ ဒါမိခင်အသင်းတော်ပါဘဲ၊သူမကိုများ ဗျာဒိတ်(၁၇)တွင် ဖော်ပြခဲ့ပါတယ်။ ကျွန်တော်တို့ဟာသူမဆီသို့တိုက်ရိုက်သွားပါမယ်။ ကောင်းပါပြီ။

61 ၆၁။ ဒါကြောင့်Constantie သူ့စိတ်ထဲမှာထိုအရာနှင့်အတူ၊ သူ၏ဇေရဖ်ကိုအားဖြင့်ဖို့ပါ။ ရောမတွေ အမြဲတမ်း လုပ်ခဲ့သလိုမျိုးကမ္ဘာကြီးဆီသို့ သော့တွေကိုဆုပ်ကိုင်ထားဖို့သူဟာ သူ၏ဒိဋ္ဌိအတွေး အခေါ်တွေနှင့်ခရစ်ယာန်အတွေးအခေါ်တွေကို ယူဆောင်ပါတယ်။ ပြီးတော့တစ်ချို့နည်းလမ်းတွေဟာ သူတို့ကိုတောင့်တင်း ခိုင်မာစေပါတယ်။ သူတို့ကိုအတူတကွဆက်နွယ်စေပြီး ဒုတိယမြောက်ကနေအဆုံးမရှိတော့တဲ့ အင်ပါယာကြီး တစ်ခုကို သူကိုယ်တိုင်ပြုလုပ်စေဖို့ပါ။ဘာကြောင့်လဲဆိုတော့သူက ... ထိုအရာကသူ့ကို ကမ္ဘာတွင်ကြီးမြတ်ဆုံးအုပ်ချုပ်သူတစ်ယောက်ဖြစ်လာစေပါမယ် - Constantine။

ပြောင်းလဲမှုအရတော့သူဟာ နိုင်ငံရေးသမားတစ်ယောက် ဖြစ်ခဲ့တယ်။ ဘုရားသံတမန်တော် တစ်ယောက်တော့မဟုတ်၊ သူတို့ထဲကတချို့ကတော့ သူ့ကိုပြုလုပ်ဖို့ကြိုးစားကြသေးတယ်။ သူမဖြစ်ခဲ့ပါ။ကျွန်တော့်ဆီသို့ ခရစ်ယာန်ဝါဒလိုမျိုး ဆင်တူတဲ့အရာတစ်ခုတောင်သူမလုပ်ခဲ့ပါ၊ ဒါကြောင့်... ထိုအပေါ် ... နိကောလအသင်းတော်ထဲမှ တစ်ခုသောအသင်းတော်ပေါ်မှာသူ့ကားတိုင်တစ်ခုကို ချိတ်ထားခဲ့တယ်။ သူလုပ်ခဲ့တာကို ကျွန်တော်တစ်ခါမျှမတွေ့ဘူးပါ။ သူအိမ်မက်တစ်ခုမက်ခဲ့သောကြောင့် ညမရောက်မီ သူ့ဒိုင်းလွှားတွေပေါ်မှာအခုလိုမျိုးရေးဆွဲထားပေးခဲ့ကြတယ်။ ထို့နောက် ဒါဟာသူ့ရဲ့အင်ပါယာကို တောင့်တင်းခိုင်မာလာပါလိမ့်မယ်။

ထို့ပြင်ဒါကိုလုပ်ဖို့နိကောလခရစ်ယာန်အသင်းတော်အတွင်း ဒိဋ္ဌိအခမ်းအနားကိုသူလုပ်ဆောင်ခဲ့တယ်။ကျွန်တော်ဒါကိုဖွဲ့စည်းခဲ့သော သမာရိုးကျအသင်းတော်ဂိုဏ်းခွဲဟုခေါ်ပါမယ်။သူဟာထိုနိကောလအသင်းတော် တွင်းသို့ ဒိဋ္ဌိအခမ်းအနားကိုလုပ်ဆောင်ခဲ့တယ်။ ဒါဟာကက်သလစ်ဘာသာကိုးကွယ်မှုကို မွေးဖွားခဲ့ခြင်း ဖြစ်တယ်။

62 ၆၂။ ညီအစ်ကို၊ကျွန်တော်ကတော့သမိုင်းကိုးကားထားပါတယ်။ ကျွန်တော့်မှာ ကက်သလစ်သူငယ်ချင်းတွေထောင်ပေါင်းများစွာရှိတယ်။ ဗရိုတက်စတန့်သူငယ်ချင်းတွေလဲ ထိုပမာဏအတိုင်းများပါတယ်။ စသို့သော် ဗရိုတက်စတန့်တွေဟာ မအော်ဟစ်နိုင်ပါ။ ဒီညပြီးတဲ့ထိ စောင့်ပါ။ကြည့်ပါ။ သူတို့ထိုအတိုင်းပဲ လုပ်ခဲတယ် ဆိုတာကိုသင်တို့ကြည့်ရပါလိမ့်မယ်။
'အိုးကိုဆီပေနေသောရေနွေးကရားဟုမခေါ်နိုင်ပါ။' ဘာကြောင့်လဲ ဆိုတော့သူတို့ကအတူတူဖြစ်လို့ပါ။ တူညီသောဝိညာဉ်တော်ကပဲ သူတို့ထဲမှာမှန်မှန်ကန်ကန်ရရှိပါတယ်။ ထို့ပြင် သင်မြင်ရပါလိမ်မယ်။ ကျွန်တော်ကဘာကြောင့်ဒါကိုအမြဲတစေရှုတ်ချသလဲဆိုတာဟာ သူမှားနေလို့ပါ။ ကျွန်တော့်ထဲကတစ်စုံတစ်ရာကကျယ်လောင်စွာငိုပါတယ်။ ကျွန်တော်ထိုအရာကို ငြိမ်းချမ်းစွာ မဆုပ်ကိုင်နိုင် တော့ပါ။ အမြဲတမ်းရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ ...

63 ၆၃။ ကြီးမြတ်သောလူများ၊ကြီးမြတ်သောဘာသာရေးခေါင်းဆောင်များက ကျွန်တော့်ကိုပြောဖူးပါတယ်။
'သင့်ရဲ့အသင်းတော်လုပ်ငန်းကိုသင်ဖျက်ဆီးပါလိမ့်မယ်။ ညီအစ်ကိုဘရမ်ဟမ်၊ သင်ဒါတွေကိုလုပ်နေတာပါ ...'
'ဒါခင်ဗျားအလုပ်မဟုတ်ပါ။ ဘုရားသခင်ကသင့်ကို ဖျားနာသူတွေအတွက်ဆုတောင်းပေးဖို့ခေါ်နေ ပါတယ်။' ဟုပြောခဲ့တယ်။

ဘုရားသခင်ကကျွန်တော့်ကိုဖျားနာသူအတွက် ဆုတောင်းဖို့ထက် မြောက်များစွာသော အရာတွေလုပ်ဆောင်ဖို့ ခေါ်ခဲ့ပါတယ်။ ဖျားနာသူဆိုတာလူတွေရဲ့အာရုံစိုက်မှုကိုကျွန်တော်ရနိုင်တဲ့ တစ်ခုတည်းသော အရာပါ။ ဒါပါဘဲ။ ဖျားနာသူတွေအတွက်ဆုတောင်းပေးခြင်းက သိပ်အရေးမပါတဲ့အရာလေးပါ။ သတင်းစကားကကျွန်တော်တို့ဘာပြောနေလဲဆိုတဲ့အရာပါ။ ထိုအရာဆီသို့ပြန်သွားပါမယ်။ ဖျားနာသောလူတစ်ယောက်ကို ကုသပေးနိုင်တယ်။ ပြီးတော့တစ်ဖန်သေဆုံးသွားနိုင်တယ်၊ သို့သော်ဘုရားသခင်၏ ဝိညာဉ်တော်အားဖြင့် မွေးဖွားခြင်းခံရသောသူမှာ ထာဝရအသက်တာကိုရရှိပါတယ်။

ဘုရားသခင်ဟာထိုကဲ့သို့အနာရောဂါပျောက်ကင်းခြင်းနားမှာဘဲ တဝဲလည်လည်လုပ်နေပါ။ အသင်းတော်ထဲသို့ထိုလက်ဆောင်ဟာ မှန်ကန်ပါတယ်။ ဒေသခံကိုယ်ခန္ဓာအတွက်-တစ်ယောက်ပြီး တစ်ယောက်၊နောက်ပြီးတော့တစ်ယောက်၊ နောက်ပြီးတော့တစ်ယောက် ကြည့်ပါ။ ထို ... လက်ဆောင်တွေဟာ အသင်းတော်အတွင်းမှာသွားပါတယ်။သို့သော်ဒါဟာထိုထက်ပိုပါတယ်၊ သင်ရရှိမယ်လို့ ကျွန်တော်မျှော်လင့် ပါတယ်။ကောင်းပါပြီ။

64 ၆၄။ ကက်သလစ်မွေးဖွားခြင်း၊ ခရစ်ယာန်တွေရဲ့မျက်လုံးများနှင့်ဒိဋ္ဌိတွေရဲ့မျက်လုံးများကို ဖမ်းမိစေဖို့နှင့် သူတို့ကိုအတူတကွပေါင်းစပ်ပြီးအသင်းတော်တစ်ခုပြုလုပ်စေဖို့အလို့ငှါ ...။ (အို၊ ကျွန်တော်အခု ဒါကိုရမယ်လို့ မျှော်လင့်ပါတယ် - အခြားသောညတွေမှာ ဒီနေရာည၌ တစ်စုံတစ်ယောက်က စာရွက်ပိုင်းတစ်ခုကို ချထားခဲ့တယ်။ကျွန်တော်ဒါကိုယူပြီးမေ့သွားခဲ့တယ် - ထိုအခန်းထဲမှာ ချထားသော အရာတွေအများကြီးပါ။)သူတို့ကတူညီသောအရာကိုသာ လုပ်ဆောင်နေတာပါ။ သင်ရွေးချယ်ခဲ့တဲ့နောက်ဆုံးလူကိုသင်ရွေးချယ်သော အခါ သင်ဒါကိုစတင်ခဲ့ပါတယ်။

သူတို့ကအခုကျမ်းစာတစ်အုပ်ကိုရှာဖွေနေပါတယ်။ကက်သလစ်၊သို့မဟုတ်ဂျူး၊ သို့မဟုတ် ပရိုတက် စတန့်တွေကိုထောမနာကျင့်မယ့်ကျမ်းစာကိုပါ။ သူတို့ကအရာအားလုံးသင့်တော်ပြည့်ဝသော ကျမ်းစာအုပ်တစ်အုပ်ကို ပြုလုပ်ပါလိမ့်မယ်။ နောက် Constantine၏ ကလိမ်ကကျစ်အပြုအမူကို သင်မမြင်ဘူးလား ?သမိုင်းဟာကိုယ်တိုင်ထပ်တလဲလဲပြောဆိုနေပါတယ်။

အခုသင်တွေ့တယ် ... ပြီးတော့ကျွန်တော်နားလည်ခဲ့တယ် ...။သင်ကကျွန်တော်အခြားသောညမှာ ဒါကိုဖတ်တာကြားသွားခဲ့တယ် မဟုတ်လား ? ကျွန်တော်ဒါကိုအိမ်မှာလဲလျောင်းရင်းရခဲ့တယ်၊သူတို့က ထိုအရာပေါ် အချိန်အတော်အကြာ လုပ်ဆောင်နေကြတုန်းပဲ။

65 ၆၅။ အခုသူတို့က၆၂ တွင်ပြောကြသည်။ သူတို့က ...။ထို့ပြင်ပုပ်ရဟန်းမင်းယောဟန် (၂၂) က မိခင်အသင်းတော်ဆီပြန်လာဖို့သမီးအသင်းတော်လေးတွေကို တောင်းဆိုခဲ့တယ်ဆိုတာကို သတိရပါ၊ မစိုးရိမ်ပါနှင့်။ သူမပြုလုပ်ပါလိမ့်မယ်။ သူတို့လဲပြုလုပ်ပါလိမ့်မယ်။ ဒါဖြစ်လာပါလိမ့်မယ်။ သူတို့ပြန်လာပါမယ်။သူတို့ပြန်မသွားတော့ပါ။ သူတို့ကအခု ထိုနေရာမှာနေရာက်နေပါပြီ။

ကျွန်တော်ပြောခဲ့သလိုမျိုးပဲ၊ထိုတိုင်းပြည် ... ။ 'ကောင်းပြီ၊ အကယ်၍ မစ္စတာကန်နဒီသာ ရွေးကောက်ခံရရင်၊ကက်သလစ်တွေဟာ အစားထိုးပါလိမ့်မယ်။' အစားထိုးမယ့်သူတို့က ဒါကိုဟိုးလွန် ကတည်းကလုပ်ဖူးပြီးသားပါ။ ပြီးတော့သင်လဲဒါနဲ့ပတ်သက်ပြီး မသိတာလဲမဟုတ်။ သူတို့ရဲ့ဆရာမတွေကို ဘယ်သူပေးတာလဲ? သူတို့ရဲ့ကျောင်းသွားဖို့ ထိုအရာတွေကိုသူတို့ဘယ်လိုရတာလ? သူတို့ကျောင်းတွေမှာကက်သလစ်မူဝါဒတွေကို သင်ကြားခြင်းကို သင်တို့အခွန်ထမ်းဆောင်သူတွေကပေးရတယ်။ အို၊သင်တို့နှခေါင်းအောက်နေရာလိုမျိုးပါ၊ ကြည့်ပါ၊ အို့ ဒါအုပ်ဖြစ်သားဘဲ၊

ကျမ်းစာကပြောခဲ့ပါတယ်၊သူဟာဒါကို မြှောက်ပင့်ပြောဆိုခြင်းအားဖြင့် ရလိမ့်မည်ဟုပြောခဲ့တာပါ၊ သူ တကယ်လုပ်ခဲ့ပါတယ်။ ကြည့်ပါ။ ဒါမှန်ပါတယ်။ သူတို့ဟာဘာမဟုတ့်ိတဲ့အရာတွေအတွက် အခွန်ပေးကြရတယ်။ ဒါကြောင့်... အို၊ဒီမှာ ပြောရမယ့်အရာတွေအများကြီးရှိပါတယ်။ ကျွန်တော်သူတို့ကို အားကစားမှု ဖြတ် တောက်ပြီး ရွေးကောက်ဖို့သာပြန်သွားပါမယ်။

66 ၆၆။ အလုပ်လုပ်ခြင်းဆီသို့ဤအရာကိုရနိုင်ရန်အလို့ငှါ၊ ကွန်စတန်တင်းန် ဟာဒိဋ္ဌိကောခရစ်ယာန်တွေ ကောသူသူတို့ရဲ့ အားရုံတွေကိုအသင်းတော်ထံသို့ ဆွဲဆောင်နိုင်ဖို့ရန် မြောက်များစွာသော လောကီရေးရာဖျော်ဖြေမှုတွေကို ပြုလုပ်ခဲ့တယ်။ သင်ဝိညာဉ်ရေးရာအရ အလေးထားပါသလား? သင်တွေးနေပါသလား? သ တင်းစကားလ မဟုတ်ဘူးလား? အသင်းတော်မှာ ဘန်ကို ဂိမ်းတွေ၊ ပါတီတွေ၊ကားတွေ လက်ဆောင် ပေးတာ တွေ၊ ... သူတို့ကို အတူတကွပေါင်းစပ်ဖို့ပါ-အစွမ်းအာဏာကို ပြန်ဆက်ပါမယ်၊ သူတို့သိသာထင်ရှား သောနေ ရာ ရောက်နိုင်သည့် အထိပေ့၊ဒီမှာ မှန်ပါတယ်။ အခု၊ ဒါဟာ သမိုင်းပါ။ တစ်စုံတစ်ယောက်မှာ ကြိတ် ချေဖို့ ပုဆိန်မရှိပါ၊ ဘာဖြစ်ခဲ့လဲဆိုတာကို သူတို့ကိုးကားနိုင်ပါတယ်။

သို့သော်သူဒါကိုလုပ်ခဲ့ပါတယ်- အသင်းတော်ကိုအတူတကွပေါင်းစပ်ခဲ့သည်၊ နိကောလ အသင်း တော်ကိုအတူတကွ ယူဆောင်ဖို့ မြောက်များစွာသော ဖျော်ဖြမှုတွေရှိခြင်းအားဖြင့်ပါ၊အခုသတိရကြပါ။ ဒုတိယ မြောက် အသင်းတော်ကိုအတူတကွ ယူဆောင်ဖို့ မြောက်များစွာသော ဖျော်ဖြေမှုတွေ ရှိခြင်းအားဖြင့်ပါ၊အခုသတိရကြပါ။ ဒုတိယမြောက် မွေးဖွားသော အသင်းတော်ကို သူမထိနိုင်ပါ။ မဟုတ်ပါဘူး၊ဆရာ၊ သူတို့ တစ်ယောက်မှပါ။ သို့သော် သမာရိုးကျ နိကောလ အသင်းတော်က ဒါအတွက်ကျဆင်းခဲ့ပါတယ်။

67 ၆၇။ ကျွန်တော်တို့ရဲ့ပရိတက်စတင့် အသင်းတော်တွေထဲမှာ ကျွန်တော်တို့ ဘာကို ရနိုင်သလဲ? အဆာပြေ စွတ်ပြု၊ ဖျော်ဖြေမှုတွေ၊ စကိတ်စီးတာတွေ(အို) အဝတ်အစားဟောင်းရောင်းတာတွေနဲ့ အရာအားလုံးတွေ။ အခု ၊ဒါအမှန်တရားဆိုတာ သင်သိပါတယ်။ ကောင်းပြီ။ ဒါဟာ ဘုရားနူတ်ကပတ်တော်ဆိုရင်မိတ်ဆွေများ၊ ဒါဟာ အမှန်တရားပါပဲ။ ပရိတက်စတင့်သင်းတော်အားလုံးဟာ အပြစ်ရှိပါတယ်။ မြင်လား?

ဘုရားရဲ့ အကြံအစည်ဟာအစာပြေညစာတွေရှိဖို့၊ မြေအောက်ခန်းတွင် ကပွဲတွေ လုပ်ဖို့၊ လုပ်ဆောင် သောအရာအားလုံးဟာ အသင်းအုပ်ဆရာတွေကို ပေးဖို့ ဘယ်တော့မှ မဟုတ်ပါ။ လူတွေကို သူတို့ရဲ့၁ဂပုံ ၁ပုံ ကိုပေးဖို့ သင်ပေးတယ်ဆိုရင် ထိုအရာဆီသို့ ဖြစ်လာမယ့် အရာအားလုံး ဖြစ်လာပါလိမ့်မယ်။ဒါက ဘုရားရဲ့ အကြံအစည်ပါ။ သို့သော်.... ဘုရားသခင်မှာ အကြံ အစည်တစ်ခု ရှိပါတယ်။လူသားကတော့ သူရဲ့ကိုယ်ပိုင် အကြံအစည်ကိုသာ လုပ်ချင်ပါတယ်၊ ဘုရား၏ အကြံအစည် နှင့်ရောစပ်ပြီးတော့ပါ။ ကောင်းပါပြီး။

68 ၆၈။ အခုဤအရာကိုလုပ်ဆောင်ခြင်းတွင်၊သူတို့သည် ပေါင်းစည်ပြီး စောစီစွာ လုပ်ဆောင်ခဲ့သည်....ကနဦး ကတ်သလစ်အသင်းတော်ကို နောက်ပိုင်းတွင်ဖွဲ့စည်းခဲ့သည်။ ထို့နောက်၊ ပထမဆုံးကြီးမြတ် သော နိစင် ကောင်စီ၌....။ ကျွန်တော်ဒါကို ဖတ်နေစဉ် ကျွန်တော်ဒူးခွေလဲကျသွားသည်။ ကြီးမြတ်သော နိစင်ကောင်စီဟာ အေဒီ ၃၂၅ တွင်နိုင်စီးယားကောင်စီသို့ ခေါ်သော ရည်ရွယ်ချက်အတွက်ပါ။ ကိုယ်စားလှယ်(၁၅၀၀) နီးပါးလောက်ထို သဘောတူညီချက်(သို့မဟုတ်)ကောင်စီဆီလာခဲ့ကြတယ်။ ကိုယ်စားလှယ်(၁၅၀၀)နီးပါးနှင့် သာမန် လူ တွေဟာ ဂိုဏ်းအုပ်များထက် ကိုယ်စားလှယ်အဖွဲ့တွင် ၅ဆ ၊ ၁ဆ ပိုများနေကြသည်။

သို့သော် နိကောလကာလတွေမှ တစ်ဆင့် (တသမတ်ပုံစံ) နှင့် ကွန်စတန်းတင်းန် ၏နိုင်ငံရေး အစီအစဉ်မှ တဆင့်သူကိုက စစ်မှန်တဲ့ အသင်းတော်ကိုသာ မဲပေးပြီး အနိုင်ရခဲ့သည်။ ဂိုဏ်းအုပ်များနှင့်သန့်ရှင်းသော အဖွဲ့များဆီ ထုတ်ပြန်ခဲ့ပြီး။ သန့်ရှင်းသော ဝိညာဉ်တော်ကို အစည်းအဝေးမှခေါ်ဆောင်ပြီးဂိုဏ်း အုပ်များ၊ ဘုန်းတော်ကြီးများနှင့် ပုပ်ရဟန်းမင်းမျာားအစရှိသဖြင့် ပေါ်သို့ သွန်းလောင်းခဲ့တယ်။

69 ၆၉။ ဒီမိုကရက်တစ်ပါတီဟာထိုနောက်ဆုံးအရာပေါ်မှာ လိမ်ညာ ကောက်ကျစ်သော အပေး အယူဖြင့် ကစားခဲ့တယ်။

အခုဒါမှန်ပါတယ်။ကျွန်တော်တို့ မဟုတ်ပါ။ ....။ ရီပတ်ဘလစ်ကန်တွေကတော့ တိကျသောအတွင်းရေးကိစ္စသာ ဖြစ်ပါလိမ့်မယ်။ ကျွန်တော်ဟာ ကယ်လီဖိုးနီးယား နှင့်နေရာတော်တော်များများမှာ သူတို့ သက်သေပြခဲ့သော (အက်ဂါဟူမာ) တစ်ခုတည်းသော အရာနှင့်ပတ်သက်ပြီး ပြောနေပါတယ်။ သူတို့မှာ ထား ထားသောမဲပေးစက်တွေရှိပါတယ်.... သင်က မစ္စတာ နစ်စန်အတွက် မဲပေးမယ်၊ သင်ကမစ္စတာ ကနေဒီအတွက်လဲ တစ်ချိန်တည်းမှာမဲပေးရပါမယ်။ သူမှာ အခွင့် အရေးမရှိပါ။

ကောင်းပြီ၊ သူတို့ကအခုဒါမှားတယ်ဆိုတာကို သက်သေပြပါတယ်၊ ဒါဆိုရင် သူတို့ဘာလို့ ထိုအရာနဲ့ ပတ်သက်ပြီးတစ်ခုခုမလုပ်တာလဲ? ကျွန်တော်တို့ဟာဒီအချိန်ကာလမှာ နေနေကြပါတယ်၊ ဒါပါပဲ။ ကျွန်တော် တို့ ကနောက်ဆုံးသော အချိန်မှာပါ။သူတို့သိကြပါတယ်။ သူတို့က သူတို့လိမ်ညာကောက်ကျစ်ခဲ့တယ် ဆိုတာ နှင့် အခုသူတို့ဒါနဲ့ပတ်သက်ပြီး မဟုတ်တာ မလုပ်တော့ဘူးဆိုတာကို သက်သေပြခဲ့ပါတယ်။

70 ၇၀။ ကောက်ကျစ်သောပစ္စည်းတစ်ခုထိုနေရာမှာ ပြန်လည်ဖြစ်ခဲ့ပါသည်။ ဒီနေရာမှာ ဒါကို တစ်ဖန် မွေးဖွားခဲ့ပါတယ်၊ သေချာသောလူ တစ်ယောက်ဆီ ရောက်ဖို့နှင့် သေချာသော ဩဝါဒ တစ်ခုကိုကိုင်တွယ်ဖြေရှင်းဖို့ပါ- နိကောလဩဝါဒ- တစ်ခါတုန်းကတော့ အဲ့ဒါဟာလက်တွေ့လုပ်ဆောင်ချက်တစ်ခုပါ။ အခုတော့ ထိုအရာက ဩ ဝါဒတစ်ခုဖြစ်လာပါတယ်။

အေအိုင်စမစ်အချိန်တုန်းကထိုအရာဟာ ဆောင်ရွက်ချက်တစ်ခုပါ၊ သို့သော် အခုမှာတော့ ဩဝါဒတစ် ခု ဖြစ်ပါပြီ။ဒီမှာရှိပါတယ်။ ကျွန်တော်တို့ အပေါ်မှာရှိပါတယ်။ 'အို၊ သူက အတော်ဆုံး ထိတ်ထိတ်ကျဲ သမ္မ တ တစ်ယောက်ဖြစ်အောင်လုပ်ပါလိမ့်မယ်။' ကျွန်တော်စိတ်ထဲမှာဒါနဲ့ပတ်သက်ပြီး သံသယ မရှိပါ။ အသေအချာ ပါပဲ။ နောက်အဆိုရ၊ သူပေါင်းစပ်နိုင်သည့်အထိ၊ဒိဋ္ဌိနှင့် ခရစ်ယာန်သမာရိုးကျ နည်းလမ်းများကို အတူ တကွ ပေါင်းစည်ပါမယ်။

သူတို့ဟာ ကျမ်းစာမှာလုပ်ဆောင်ကြပါတယ်၊ ထိုအရာကို အတူတကွ ယူဆောင်ဖို့ပါ- ပုပ်ရဟန်းမင်း တွေ၊ဂိုဏ်းအုပ်တွေ၊ အင်္ဂလန်၏ ဂိုဏ်းချုပ်ဘုန်းတော်ကြီး၊ ကန်တာဘူရီ၏ဂိုဏ်းချုပ်ဘုန်းတော်ကြီး။ ကျွန်တော် သူ့ကို တွေ့ပါတယ်။ သူ့ကို လက်ဆွဲနှုတ်ဆက်ပါတယ်။ သူ့ကို ကျွန်တော် ကိုယ်တိုင် စကားပြောပါတယ်။ ကျွန် တော် အင်္ဂလန်မှာရှိနေတုန်း ကပါ။ ဘောင်းဘီကျပ်ချွပ်ပြီ။ သူ့တင်ပါးထိ ဆွဲပြီး၊ အို၊ ရယ်ရသောဝတ်စားပုံ နှင့် ကောင်လေးပါ။ သို့သော် သူက ပုပ်ရဟန်းမင်းဆီသွားခဲ့တယ်၊ ပထမဆုံးအကြိမ် နှစ်ပေါင်းများစွာ လည်ပတ်ခဲ့ပါတယ်။ ဒါဘာလဲ? ကျွန်တော်တို့က နောက်ဆုံးသော အချိန်ကာလမှာပါ။

71 ၇၁။ ဒါကြောင့်ကျွန်တော် ပလက်ဖောင်းတစ်နေရာရာမှာ မတ်တပ်ရပ်နေမယ့်အစား၊ ဒီနေရာမှာ ဒီည ၌ မတ် တပ်နေတာဟာ ဖျားနာသူအတွက် ဆုတောင်း၊ ဟောကြားမှုပြုဖို့ပါ။ ထို့ပြင် ကျွန်တော် သူတို့အားလုံး ကို ပလပ်ဖောင်းပေါ်မှာ မတွေ့နိုင်ပါ၊ သတင်းစကားမှတစ်ပါး။ ထိုအရာဟာ ကျွန်တော် ဒါကို တိပ်ခွေပေါ်မှာ ရှိ နေခြင်းနှင့်တစ်ကမ္ဘာလုံးဆီသို့ ဒါကို ပို့ဆောင်တဲ့ ရည်ရွယ်ချက်ပါ၊ သို့မှသာ သူတို့ကိုသတိပေးနိုင်ပြီး ယုံကြည် ခြင်းဆီသို့ပြန်ပို့ဆောင်နိုင်ပါတယ်။

နောက်ဆုံးသောခရစ်ယာန်ကာလအချိန်မှာ တောင်မှာ၊ရှင်ယုဒဩဝါဒစာ၊ ဗျာဒိတ်ကျမ်း မရောက်ခင်၌ ရေးသားထားခဲ့ပါတယ်။ တမန်တော်ယုဒဟာ ညီအစ်ကိုဖြစ်ဖို့ယူဆထားပါတယ်.... ယေရှု၏ညီအစ်ကိုတော် အဖြစ်ပါ၊ 'သန့်ရှင်းသူတို့၌ အထက်ကအပ်ပေးခဲ့ပြီးသော ယုံကြည်ခြင်းတရားဘက်မှာ သင်တို့သည် ကြိုးစား၍ တိုက်လှန်စေခြင်းငှါ' ဟုမိန့်ဆိုခဲ့သည်။ယေရှုဘုရားအသေခံတော်မူပြီး နောက်သူတို့သည် ထိုအရာမှ အဝေးသို့ စပြေးခဲ့ကြသည်။ အခု၊ဒီည၌ ဒါဘယ်လောက်ဝေးပါသလဲ?

72 ၇၂။ အခု၊ပထမဆုံး နိုင်စင်းကောင်စီနှင့်... ဒါဟာ အေဒီ ၃၃၀မှာရှိခဲ့တယ်.... ၃၂၅ ။ ကိုယ်စားလှယ်နှင့် ဂိုဏ်းချုပ်များ(၁၅၀၀)နီးပါးလောက်အစည်းအဝေး တက်ခဲ့၏၊ သို့သော် သူတို့က သူတို့ကို အချို့ဝိုးတို့ဝါးတား၊ ပြင်းထန်သောကောင်စီ အားဖြင့် အာဏာသုံး၍ ပယ်ချခဲ့တယ်။သူတို့ဟာ သူတို့ကို ပယ်ချခဲ့ပြီး နိကောလများ လွှဲဟူသော အရာကိုမဲပေးခဲ့တယ်။ ဒါကတော့ယူဆောင်ဖို့.... အသင်းတော်အားလုံးနှင့် ဒါတွေကိုပုပ်ရဟန်း မင်းတွေ၊ သို့မဟုတ်၊ ဂိုဏ်းချုပ်တွေ၊ သို့မဟုတ် တစ်စုံတစ်ခု၏ကြီးကြပ်မှုအောက်တွင် ထားရှိဖို့ဖြစ်တယ်- အသင်းတော်အာဏာကိုယူပြီးဂိုဏ်းချုပ်တွေကိုပေးမယ်၊ သို့မှသာ ဂိုဏ်းချုပ်တွေက အသင်းတော်ကို အုပ်ချုပ် ဖို့ပါ။ တစ်ယောက်ယောက် မှာတော့ ထိုအရာနှင့်ပတ်သက်ပြီး ပြောမယ့်အရာတစ်ခုခုတော့ ရှိပါတယ်။

ယနေ့ခေတ်ကတ်သလစ်အသင်းတော်ထဲမှာ သင်သတိထားမိလား? 'သင်ဟာ ကျမ်းစာ မဖတ် နိုင်ပါ။ ဒါဟာ သင့်အတွက် မနက်ဖြန်ဆိုဖို့မဟုတ်ပါ။ဂိုဏ်းချုပ်ကြီးများ အတွက်သာ ဖြစ်တယ်' ကြည့်ပါ။ဒါ ဘယ်ကလာတာလဲ? အခု၊သင်နိကောလဟာ အမှန်တကကယ်ဘာလဲဆိုတာ မြင်နိုင်ပါပြီ၊ မလွတ်မြောက်ခင် မခယ ခင်ပေ့ါ။ထိုနေရာမှာ မွေးဖွားခဲ့တာပါ။ ဒါမှန်ပါ။ ဒါက ခရစ်ယာန်ဘာသာပုံစံမျိုးပဲ။ အခုထိဖြစ်တုန်းပါပဲ။

ထို့နောက်ပရိုတက်စတင့် တွေက ထိုအရာပြီးတဲ့အခါ ရေးကြပါတယ်။ ဗျာဒိတ်ကျမ်း ၁၇ တွင် 'အမိနှင့်သမီးများ' ဟုဆိုထားတယ်။ ခဏကြာပြီးနောက် ကျွန်တော်တို့ထိုဆီသို့သွားပါမယ်၊ ဘုရားသခင် အလိုတော်အရပါ။

အခု၊သင်သတိထားပါတော့။ ယနေ့ခေတ်မှာ အတူတူပါပဲ။ သူတို့ကလွှဲယူခဲ့ပြီး၊ constontine ကွန်စတန်တင်းန် ကဗာလမ်၏ နည်းဗျူဟာကို အသုံးပြုခဲ့ပြီး။

73 ၇၃။ ယခုကျွန်တော်သင်တို့ကို နီးနိုင်သလောက် နီးကပ်စွာ နားထောင်စေချင်ပါတယ်။ အခုသူဒီမှာ မိန့်ဆိုခဲ့ တယ်၊ ကျမ်းစာ၌ 'မြှော်လင့်ခြင်းအကြောင်းကို တည်ကြည်ကြကုန်အံ့' ဟုဆိုထားပါတယ်။ အခု၊ ..... သင်ကိုဆန့်ကျင်သောအရာ အချို့ရှိ၏။ ဘာကြောင့်လဲဆိုတော့ သင့်မှာ.... 'ပေရဂံ အသင်းတော်၌ သင့်မှာ ရှိပါ တယ်၊' ကြည့်ပါ၊ ရုပ်တု၊ဆင်းတုထံသို့ပူဇော်သောအရာတွေကိုစားဖို့နှင့် ကာမေသုမိစ္ဆာ ကျူးလွန်ဖို့ ဗာလမ်၏ ဩဝါဒ ကို ကိုင်စွဲထားပါတယ်။ဗာလမ်ဆိုသည်မှာ အစ္စရေးကလေးများရှေ့မှာ ခလုတ်ဆူးငြောင့် တစ်ခုကို ပြောဖို့ကြိုးစားတဲ့ အကြံအစည်ကိုသင်ပေးခဲ့သူပါ။

Constantine ကဗာလမ် လုပ်ခဲ့တဲ့နည်းဗျူဟာကို အသုံးပြုခဲ့တယ်။ ဒီကောင်စီအစည်းအဝေးပြီးတဲ့အ ခါ ဂိုဏ်းချုပ်တွေကိုအသင်းတော်နှင့် အခြားအရာတွေကို အုပ်ချုပ်ဖို့ ရှင်းပြသော အစည်းအဝေးတစ်ခုရှိခဲ့ပါတယ်။ ပြီးတော့ သာမန်လူ၏ စွမ်းအာဏာအားလုံးကို ယူဖို့ရှင်းလင်းပြခြင်းလည်းပါသည်။သူတို့မှာ သူတို့ကိုယ် တိုင် အတွေးအခေါ်မရှိပါဘူး၊ ကျမ်းစာကို အနက်ဖွင့်ဖို့ သူတို့ဘာမှလဲ မလုပ်ဆောင်ခဲ့ပါဘူး။ ဒါတွေဟာခရစ် ယာန် ဘုန်းကြီးတွေသာ ကျမ်းစာကို အနက်ဖွင့်ရမှာဖြစ်ပါတယ်။

74 ၇၄။ နောက်ပိုင်းတွင်ခဏ ကြာပြီးနောက် သူတို့က ကျွမ်းကျင်သော ခရစ်ယာန်ဘုန်းကြီးတစ်ယောက်ပြုလုပ် ကြတယ်၊သူတို့က.... ပုပ်ရဟန်းမင်းအင်္ဂလိပ်ဘုန်းကြီးဖြစ်ပါသည်။

သို့သော် သူတို့ဟာသူတို့ထားသော နေရာဆီသို့လာပါတယ်... နားလည်မှုအားလုံးဟာ ခရစ်ယာန်ဘုန်း ကြီးသာပိုင်ဆိုင်ပြီး ဝတ်ပြုသူများကတော့ ကျမ်းစာကိုပင် မဖတ်ရပါ။ သူတို့က ဘာမှ လုပ်စရာမရှိပါ။ ပွင့်ပွင့် လင်းလင်း ပြောရမယ်ဆိုရင် သူတို့ဆီကနေကျမ်းစာကို သိမ်းထားတာပါ။ထို့ပြင် အခု၊ သူတို့ဟာ သူတို့အပေါ် သို့ ကျမ်းစာကို လွှဲယူခဲ့ပြီး၊ ပြီးတော့ကျွန်တော်တို့ကို

မဲပေးခဲ့တယ်၊ ဘာကြောင့်လဲဆိုတော့ ဒါကောင်းတာ်လို့ ထင်ရလို့ပါ။

ဒါကောင်းတယ်လို့ထင်ရတယ်၊ ဘာကြောင့်လဲဆိုတော့ သူတို့က ချမ်းသာတယ်၊ အစရှိသဖြင့်ပေါ့၊ ဒါပြင် သူပေးခဲ့....။ ဒီကြီးမြတ်သော အစည်းအဝေး၌ သူအတူတကွ ခေါ်တဲ့အခါ Constantine က ဂိုဏ်း ချုပ်တွေကို ကောင်းမွန်သော အဆောက်အဦးတွေပေးခဲ့တယ်။ သူက ပိုက်ဆံအချို့နှင့် ထိုကဲ့သို့နေရာကြီးကြီး အ ဆောက်အဦး ကြီးကြီး တွေ အားလုံးကို ပိုင်ဆိုင်ပါတယ်၊ သူက ဒါတွေကိုအသင်းတော်ထံသို့ ပေးခဲ့တယ်၊ သူတို့က ဒါတွေကို အသင်းတော် အိမ်တွေအဖြစ်သုံးနိုင်စေရန်ပါ။ အို၊ ဒါတွေက အဆောက် အဦး ကောင်းတွေပါ၊ ပြင်ဆင်ပြီးသားပါ၊အစရှိသဖြင့်ပါ။ ဒါကြောင့် သူက ဒါတွေကို အသင်းတော်ထံသို့ ပေးခဲ့တယ်။

75 ၇၅။ ဒ့ါအပြင်သူတို့ကဂိုဏ်းချုပ်တွေကို ကြီးမားသော ကြိုးတွေနှင့် ဝတ်ဆင်ထားပြီးသူတို့ အောက်မှာလဲအောက်ခံ စကတ်ကို ဝတ်ထားခိုင်းတယ်။ ထို့ပြင် သူက သူတို့ကို ချိတ်ထားတယ်...အခုလိုမျိုးမြင့်မားတဲ့ နေရာ တစ်ခုတည်းတည်ဆောက်ပြီး သူတို့ကို အပေါ်၌ရုပ်တုတစ်ခုလို ချိတ်ထားခဲ့တယ်။ သူတို့အောက်၌ အစက် အပြောက်ပါသောပွဲတော်မုန့်ကိုပြုလုပ်ခဲ့တယ်။ သူဟာ ဒိဋ္ဌိ၏ အကြံအစည်အားဖြင့် ထိုပြောင်းလဲမှုတွေကိုပြုလုပ်ခဲ့ပြီး၊ သူတို့၏ ဂိုဏ်းချုပ်တွေကို ခေါ်ဆောင်ခြင်းအာားဖြင့် ထိုအရာထံသို့ခရစ်ယာန်ဘာသာကို ယူဆောင် မှုပြုခဲ့ပါတယ်။

ကြည့်ပါ၊ သူတို့ကရုပ်တု၊ ဆင်းတုကို အောက်ချပြီး ဂိုဏ်းချုပ်ကို အပေါ်တင်ထားပါတယ်။ သူ့ကို ပွဲတော်မုန့်လုပ်ပေးထားပြီး၊ ဘုရားတစ်ပါးလို သူ့ကို လုပ်ထားပါတယ်။ သူ့ကို သူတို့ရဲ့ဒိဋ္ဌိဘုရားလို ထားရမယ့် အစား၊ သူတို့ဟာ သူ့ကို ယေရှုဝတ်ခဲ့သလိုမျိုးကြိုးတစ်ချောင်းနှင့် ချိတ်ထားပါတယ်။ တွေ့လား? ပြီးတော့ သူတို့က သူ့ကို ထိုနေရာမှာထိုင်နေသော ရုပ်တု တစ်ခုလို လုပ်ထားပါတယ်။

အို၊ ဒိဋ္ဌိကဘယ်လိုပြောခဲ့လဲဆိုတာကို သင်ပုံဖေါ်နိုင်ပါတယ်၊ 'ကောင်းပြီ၊ ကျွန်တော် ထိုအတွက် သွားနိုင်ပါတယ်။ကျွန်တော်တို့ကို စကားပြန်ပြောနိုင်သော သူတစ်စုံတစ်ယောက် ရှိပါတယ်။ ကျွန်တော်တို့ကရုပ်တု တစ်ခုကိုစကားပြောဖူးတယ်၊ သို့သော် ထိုလူက ကျွန်တော်တို့ကို စကားပြန်ပြောနိုင်ပါတယ်'

76 ၇၆။ ခရစ်ယာန်တွေဘယ်လိုတွေးလဲ။ 'ကောင်းပြီးဒါကကောင်းပါတယ် အခု ကျွန်တော်တို့က လုပ်ချင် သည့် အရာတိုင်းကို လုပ်နိုင်ပါါတယ်။ဘာကြောင့်လဲဆိုတော့ ကျွန်တောတို့ဘုရားရှိလို့ပါ။ ကျွန်တော်တို့ လုပ် နိုင်ပါတယ်။ ... ကျွန်တော်တို့ကို အပြစ်လုပ်ရင်၊ သူကို ထိုအကြောင်းနှင့်ပတ်သက်ပြီး ပြောပြတယ်၊သူ့ကို အချို့သော တစ်စုံတစ်ခု ပေးတယ်၊ ပြီးတော့ (၉)ရက်ဆက်တိုက် ဝတ်ပြုဆုတောင်းပွဲလေး၊ သို့မဟုတ်၊ တစ်စုံ တစ်ခု လုပ်ပေးတယ်။ ပထမဆုံးသင်သိရမယ့်အရာက ကျွန်တော်တို့အားလုံး မှန်တယ်ဆိုတာပါပဲ၊ ပြန်လှည့် ပြီး လွတ်လပ်စွာခံစားကြည့်ပါ။ ကျွန်တော်ဟာ ဘယ်အရာကိုမှ စိုးရိမ်စရာမလိုပါ။'

အို၊ဒါကောင်းတယ်လို့ထင်ရပါတယ်၊ သေချာပါတယ်။ သွေးသားဆန္ဒ စိတ်ကတော့ ရှိတုန်းပါပဲ။ သို့ သော် သင်ကဘုရားသခင်၏ ဒုတိယ မွေးခြင်းခံရသော ကလေးကို လက်ဖျားဖြင့် ထိလို့ ဘယ်တော့မှ မရပါ။သင်ဘယ်တော့မှ လုပ်နိုင်မှာ မဟုတ်ပါ။ ထိုနေ့ကို ဆန့်ကျင်ပြီး သူ့ကို ဝန်ခံသော၊သူစောင့်ရှောက်နိုင်တယ် ဆိုတာကို သိသော၊ သူ့ကို ယုံကြည်၊လက်ခံသောသူတိုင်းကိုသူသိတဲ့ အတွက်ကြောင့်ပါ။ အတိတ်မှာ ဖြစ်ခဲ့သော အရာတိုင်းကိုမေ့ပြီး ခရစ်တော်အားဖြင့် မြင့်မားသော ခေါ်သံ၏ အမှတ်အသားဆီသို့သာ ကျွန်တော်တို့ယုံကြည်လက်ခံရပါမယ်။ အို၊ ကျွန်တော် အရမ်းဝမ်းမြောက်ပါတယ်။

77 ၇၇။ သူ့အောက်ကအစက်အပြောက်ပါသော ပွဲတော်မုန့်၊ ဒီနေရာမှာ ထိုင်ခြင်း၊ အစစ်အမှန် ဝတ်ဆင်ထား သော၊ကောင်းမွန်သော အသင်းတော်တစ်ခု(အို) ဒါတွေအားလုံးကို ပြင်ဆင်ခဲ့ပါတယ်။ ကောင်းပါပြီ။ထိုပွဲတော် မုန့်ကို တပ်ဆင်ထားပါသေးတယ်၊ ထိုအစက်အပြောက်ပါသော ပွဲတော်မုန့် ကိုလုပသော (သင်ဒါတွေကို တွေ့ သင့်တယ်၊ အတူတူပဲ)။ ရွှေဖြင့် ထပ်ဆင့်ထားပြီးကျောက်မျက်ရတနာများဖြင့် ထိုပွဲတော်မုန့်ကို အလှဆင်ထား ပါတယ်။ ဒါဟာ နိကောလနှင့်ဒိဋ္ဌိများအတွက် အလွန်အံ့ကိုက် ဖြစ်ပါတယ်။

အယူအဆတွေကို ယူဆောင်ထားခဲ့တယ်၊ ပြီးတော့ခရစ်ယာန်ဘာသာကို ယူဆောင်ခဲ့တယ် (ပိုမ ကောင်းဘူးလို့ မသိရသော၊ ပုံစံတွေမှာသူတို့ကို ကွဲပြားစွာ ဦးဆောင်ဖို့သန့်ရှင်းသော ဝိညာဉ်တော် မရှိကြပါ) ထို့ပြင် လောကကမ္ဘာတွင် သူတို့ကို ဘုရားတစ်ပါး ပြုလုပ်ခဲ့ပြီး။ သူတို့ အတွက် ပွဲ တော်မုန့်တစ်ခုကို ပြုလုပ် ခဲ့တယ်။ ပြီးတော့ သူတို့ရဲ့ အပြစ်တွေကို ခွင့်လွှတ်ပေးဖို့ ထိုင်နေသောဘုရားတစ်ပါးကိုပြုလုပ်ခဲ့တယ်။ ]

သင်က ယုံကြည်ပါသလား? ကျွန်တော်ဘာကိုဆိုလိုတာကို နားလည်ပါသလား? ဒါဘာလဲ ဆိုတာ တွေ့ လား? လောကီ ကမ္ဘာတွင် အပြစ်လွတ်ကင်းသောခွင့်လွှတ်မှု တစ်ခု၊ ကျွန်တော် စိတ်ထဲကနေ ကိုးကားနေတာ မဟုတ်ပါ၊ သမိုင်းမှာရှိပါတယ်။ အလေးအမြတ် ထားသော သမိုင်း၏ စာရွက်တစ်ရွက်နှင့် နံပါတ်တစ်ခုကို သင့် အားပေးမယ်။ ဂျော့ဂျ်ဝါရှင်တန်၊ အေဗရမ်ဟမ်လင့်ကွန်း၊ ဂတ်တီစ်ဘတ်စစ်ပွဲ၊ အစရှိသဖြင့်အကြောင်း ကျွန် တော်သင့်ကို ပြောနိုင်သလိုနှင့် အတူတူပါပဲ။ သေချာပါတယ်။သမိုင်းမှာရှိတဲ့ ထိုအရာတွေအားလုံးကိုကျွန် တော် ဒီမှာကိုးကားနေတာပါ။

78 ၇၈။ အခု၊ဒါဟာအလွန်အံ့ကိုက်ဖြစ်နေပါတယ်.... ထို ဒုတိယ မွေးဖွားသော အသင်းတော်နှင့်မဟုတ်ပါ။ မဟုတ်ပါ။ ဆရာ ကောင်းပြီး ၊ သူတို့က လူတစ်ယောက်ကို အပေါ်မှာ ထားတဲ့အခါ၊အခု၊ ဂိုဏ်း ချုပ်ကြီး တစ်ယောက် ဖြစ်ဖို့ ၊ပွဲလမ်းသဘင်တွေကို ရှုတ်ပြဖို့ပါ။တကယ်တော့ ထိုအရာအားဖြင့် စူးစမ်းလေ့လာ သော ပြည့်ဝတဲ့ ဇဝံဂေလိ တရားကိုလှုပ်ရှားစေပါတယ်။ ဒီနေ့တော့ မဟုတ်သေးပါ။ ထိုခေတ်ကာလကိုရပ်ဆိုင်းထားပါတယ်။ကြားဖြတ်ထားပါတယ်၊ ကြည့်ပါ။ နောက်တစ်မျိုး သူ့မှာ ပွဲလမ်း သဘင်အချို့ ရှိတဲ့အခါ၊ ပြောပါတယ်။

....။

ဒိဋ္ဌိတွေက သူတို့ရဲ့ သေသွားသော ဘိုးဘေးတွေဆီသို့ဆုတောင်းပို့သပေးတာကို သတိထားပါ။ ပရိုတက်စတင့် အသင်းတော်ကလည်း မတ်တပ်ရပ်ပြီး ပြောပါတယ်။ 'ငါရောမ ကက်သလစ်အသင်းတော်နဲ့တမန်တော်တွေအစုကို ယုံကြည်ပါတယ်။ ' မက်သဒစ်တွေ သင်တို့မျက်နှာကို ဖုံးထားကြပါ။ ပရက်စ်ဘီတေးရီး ယန်းတွေနဲ့ လူသာရင်တွေသေခြင်းတရားဖြင့် ကြားဝင်တောင်းပန်သောအရာဟာ လိပ်ပြာခေါ်ခြင်းဖြစ်သည်။ သေချာပါတယ်။

သို့သော် ပရိုတက်စတင့်ဟာ ကက်သလစ်မှာ မရယ်နိုင်တော့ပါ။သူထိုအတိုင်းဘဲ လုပ်ပါတယ်။ ထိုအရာကို ယုံကြည်သောသူ၏ လုံလောက်တဲ့ ဖြောင့်ချက်အားလုံးကိုပြုလုပ်ပါတယ်။ သူ၏ ဗတ္တိဇံရေအားဖြင့် ကက်သလစ်အသင်းတော်၌ နှစ်ခြင်း ပြန်ခံပါတယ်။ မှန်ကန်စွာနေထိုင်ဖို့ ကြိုးစားသောလူတွေကို ငြင်းဆန်ပြီး ဟာသလုပ်ပါတယ်။ ဘုရားကျောင်းသွားပါတယ်။ဘုရားသခင်၏ တန်ခိုးအောက်တွင် အော်ဟစ်သောသူများကို ကြည့်ပြီး အပြင်ဖက်၌ မတ်တပ်ရပ်ကာဒါကို ဟာသလုပ်နေတယ်။ ဒါပါဘဲ။

79 ၇၉။ ကြည့်ပါ။ဝိညာဉ်တော်တွေက မသေပါ။ လူတွေသာ သေပါတယ်။ ဝိညာဉ်တော်တော့ မဟုတ်ပါ။

သန့်ရှင်းသောဝိညာဉ်တော်က မသေနိုင်ပါ။ ဒါကယေရှုထံ၌ ရှိပါတယ်။ အခု ဒါက သူ၏ အသင်းတော်ထဲ၌ ရှိပါတယ်။ သူ၏အသင်းတော်အတွက် သူမလာမချင်းအမြဲတမ်းရှိနေတာပါ။ ဘာကြောင့်လဲဆိုတော့ ဒါက သူ့ရဲ့ တစ်စိတ်တပိုင်းဖြစ်လို့ပါ။ နားလည်လား?

ထိုညဉ်းဆဲသူတွေဟာ ထိုနေ့မှာ သူတို့ကို ပြန်၍ဟာသလုပ်ခဲ့တယ်။ သူတို့က ယနေ့ ဒီမှာ အသက်ရှင် နေတုန်းပါ။ ဘုရားသခင်က သူ့လူကို ခေါ်ဆောင်တယ်။သို့သော် ဝိညာဉ်တော်ကိုတော့ ဘယ်တော့မှ ကမ္ဘာကို ကျော်လွန်ပြီး မခေါ်ဆောင်နိုင်ပါ။

ယေရှုသေဖို့ရန် ခွင့်ပြုခဲ့သော ထိုဂိုဏ်းချုပ်ကြီးများသူက အနာဂတ် ဟောပြောသူ (သို့) နတ်ဆိုးတစ် ယောက်ဆိုပြီး ပြောခဲ့ကြတယ်။ သူတို့ရဲ့နောက်လိုက်တွေကဘာသာရေး ကိုင်းရှိုင်းကြတယ်။ ဘာသာရေးတွေ အားလုံး ရှိနိုင်တဲ့အတွက်ကြောင့်ပါ။ ဒါမှန်ပါတယ်။သူတို့က ကျမ်းစာကို စာအားဖြင့်ဘဲ သိခဲ့ကြတယ်။ စစ်မှန်သော အနက်ဖွင့်ဆိုခြင်းကိုတော့မသိခဲ့ကြဘူး။ သူတို့မှာ သူတို့ရဲ့ ကိုယ်ပိုင် အယူအဆတွေ ရှိတယ်။ နောက် ဘာမဟုတ်တဲ့အရာတွေကိုသူတို့ နားမထောင်တော့ပါ။ ထို့ပြင် သူတို့က သူ့ကို တွေ့ခဲ့တယ်။ ပြီးတော့ သိတယ်။ ယေရှုမလုပ်ခဲ့တာကို ကြည့်ဖို့ သူတို့ဘယ်လိုမအောင်မြင်နိုင်တာလဲ.... သူနဲ့ ပတ်သက်ပြီး ပရောဖက် တွေ ပြောခဲ့သော အရာတိုင်းကိုအဆင့်မမီဘူးဆိုတာ? သို့သော်သူတို့က ကန်းနေခဲ့ပါတယ်။ ဘုရားသခင်က သူတို့ရဲ့ မျက်လုံးများကို ရည်ရွယ် ချက်ရှိရှိမမြင်စေဘဲ ပြုမည်၊ သို့မှသာ ကျွန်တော်တို့ကို ကယ်တင်ခြင်းအတွက် အခွင့်အရေးပေးမှာပါ။

80 ၈၀။ အခုကျမ်းစာကိုဟောကိန်းထုတ်ထားပါတယ်၊ သူဟာ.... ကျွန်တော်တို့ရှိကြတယ်.... ဒီပန်တီကော်စ တယ်၊ခေတ်ကာလထဲမှာရှိ ကြတယ်၊ ထိုခေတ်ကာလဗလာနတ္ထိ ၊ ဒုက္ခဆင်းရဲ ရောက်ပြီး ကန်းနေသော၊ ထိုအရာကို မသိပါ။ ဖိလဒေလဖိ အသင်းတော်အခြေ အနေ ရှိပါတယ်။ အို၊ သမာရိုးကျနှစ်ခြင်း၊ ပရက်စ် ဘက် တေးရီးယန်း တွေနှင့်၊ပန်တီကော်စတယ် တွေပါ၊ ကြည့်ပါ။ သင်ရှိပါတယ်။ (တစ်ခါတစ်ရံ၊ ကျွန်တော် သင့် ကိုဒီမှာ နေဖို့ မဆိုလိုပါ။ ကျွန်တော် တိပ်ပြားပေါ်မှာရှိပါတယ်၊ သင်ကြည့်ပါ။ ဒါဘယ်မှာဖြစ်လဲဆိုတာ ကျွန်တော် သိပါတယ်၊ ကြည့်ပါ။) နောင်တရပါ။ နူတ်ကပတ်တော်ဆီပြန်သွားပါ.ခရစ်တော်ဆီပြန်သွားပါ။

81 ၈၁။ ကောင်းပါပြီ။

ဒါဘာဖြစ်ခဲ့လဲဆိုတာပါ။ပြည့်ဝသော ဧဝံဂလိ ကိုထုတ်လုပ်ပါတယ်။ အသင်းတော်ထဲမှာ နိမိတ်လက္ခ ဏာ တွေနဲ့အံ့သြဖွယ်ရာတွေကို လွှင့်ပြယ်စေတယ်။ သန့်ရှင်းသော ဝိညာဉ်တော် အဖွဲ့ကို တပါးသူတွေထံမှ ဝိုင်းပယ်၊ ကြည်ရှောင်ကြတယ်၊ ထို့နောက် သူတို့က ထိုကဲ့သို့သောနေ့ရှိဖို့ကိုငြင်းပယ်ကြတယ်။ ဒါဟာ ရှိခဲ့ တယ်။

ယနေ့ခေတ်၌ သူတို့က ထိုတူညီသောအရာကိုဘဲလုပ်ကြတယ်။ အတိအကျပါပဲ။ ထိုအရာ၏ ဝိညာဉ် ကို သင်မမြင်ဘူးလား? အစအဦးတုန်းက ကျွန်တော် သင့်ကိုပြောသလိုပဲ သင့်ဝိညာဉ်တော် ရေးရာ အတွေ အခေါ်ကို တင်ထားပါ။ ဘုရားသခင်ကို သင်၏နှလုံးသားကို ဖွင့်ခွင့်ပြုပါ။ ကျွန်တော် တွေ့ပါတယ်။ ထိုအရာ ရှိပါတယ်။ ဟုပြောပါ။

82 ၈၂။ အခမ်းအနားတွေ၊ဘယ်မှာလဲ? နှစ်ခြင်းတွေ၊ပရက်စ်ဘက်တေးရီးယန်းတွေနဲ့ ပန်တီကော်စတယ်တွေ တောင်မှ- ဘာသာရေးအခမ်းအနားတစ်ခုဖြစ်လာပါတယ်။သူတို့ လုပ်ဆောင်သော တစ်ခုတည်းသော အရာက စန္ဒာယား၊ သို့မဟုတ် တစ်စုံတစ်ခုလိုတီးတယ်ခဏာတာ ခုန်ဆွခုန်ဆွ လုပ်မယ်။ စန္ဒာယားရပ်လျှင် ရပ်ချင်း...။ ထွက်သွားပါ။လိမ်လည်၊ ခိုးယူ၊ လှည့်ဖျားပါတယ်၊ အရာရာတိုင်းကို၊ သို့သော်စစ်မှန်သော ...။ စကားတစ်ခု ကိုတွန်းလှန်ဖို့ လုံလောက်သော စိတ် သဘောထား တွေ့ခဲ့တယ်။ လူတိုင်းနှင့် အရာရာတိုင်းကိုပြောခဲ့တယ်။ ကြည့်ပါ။ မက်သဒစ်၊ နှစ်ခြင်း။ ပရက်ဘက်တေရီးယန်း။ ကတ်သလစ် တွေသာ မကလောဒိကိခေတ် မှာ ရှိ သော ပင်တီကောစတယ်အသင်းတော်ရောပါ။

အို၊သင့်ဘိုးဘေးဘီဘင်တွေရှိခဲ့သောအရာဆီသို့ သင်ဘာကြောင့် ပြန် မသွားတာလဲ? ကျွန်တော်တို့ ထံသို့ ခရစ်တော်ကိုယူဆောင်ပေးသော သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်ဝသောမြင့်မြတ်သော စစ်မှန် သောပင်တီကောပ်ဆီသို့ ကျွန်တော်တို့ ဘာကြောင့် ပြန်မလာတာလဲ? ဒါဟာ ကျွန်တော်တို့လိုအပ်သောအရာ ပါ။

အခုလဲပဲ ဒီကနေ့နှင့်အတူတူပါ။

83 ၈၃။ 'ပေရဂံ ' ဟူသော စကားလုံးအဓိပ္ပါယ်မှာ လက်ထပ်သည်ဟုဆိုလိုတာပါ။ 'ပေရဂံ ' ဟူသော စကားလုံး အဓိပ္ပါယ်မှာ

လက်ထပ်တာပါ၊ ခရစ်ယာန်ဘာသာ(နိကောလဘက်ခြမ်းမှာရှိပါတယ်) သမာရိုးကျ တစ်ဖက် ဒိဋ္ဌိ အခမ်းအနားတွေနှင့် အတူနိုင်ငံတော်ကို လက်ထပ်ပါတယ်။ ဒိဋ္ဌိ အခမ်းအနားတွေပါ။ ဒါဟာ ထိုကာလ၌ ကတ်သလစ် အသင်းတော်မွေးဖွားခဲ့ခြင်းဖြစ်တယ်။

နိုင်စင်းကောင်စီ၌တည်ရှိခြင်းအဖြစ် ကတ်သလစ် အသင်းတော်ကို ဆောင်ယူခဲ့တာကို လူတိုင်းသိပါ တယ်။ဘုရားသခင်အားဖြင့် ' နိကောလ 'ဟု မခေါ်ခင်တုန်းကပါ။ သူ့အမိပွါယ်ကနိကော... နိကော...အနိုင်ယူဖို့ အောင်မြင်ကျော်လွှားဖို့၊ သို့မဟုတ် ဖြုတ်ချဖို့ပါ၊ သာမန်လူတွေကိုပါ။ သန့်ရှင်းသော ဝိညာဉ်တော်ကို ခွင့်ပြုဖို့ သင်းအုပ်တွေ(သိုးထိန်းတွေကို ဆိုလိုတာပါ။) နှင့် လူတွေကြားတွင် သူတို့ ဝိညာဉ်တော် ကို မလိုချင်တာကို လုပ်ခဲ့သောအခါ....

84 ၈၄။ 'ဂိုဏ်းချုပ်တွေက ဘာကြောင့်သိုးထိန်းမဖြစ်နိုင်တာလဲ?' ဟုသင်ပြောပါတယ်။ သူက သင့်ကို ဘယ်လို အစာကျွေးနေတာလဲ? သူတို့ပင်တီကော့စ်နေ့မှာရခဲ့သလိုပဲ တူညီသော ရလဒ်တွေကိုသင်ရမလား? လုံးဝမဟုတ်ပါ။ 'ဟေးလ်မယ်ရီ' ပင်တီကော့စ်မှာ ဘယ်သူဒါကို တွေ့ဖူးသလဲ? ၉ ရက်ဆက်တိုက် အထူးဆု တောင်းပွဲတွေ ၊ရေဖြန်းခြင်း၊ ရေလောင်းခြင်း၊ သုံးပါးတစ်ဆူအသုံးပြုမှုတွေ (မည်းတော်၊ သားတော်နှင့်သန့်ရှင်း သော ဝိညာဉ်တော်အားလုံး၊ ပင်တီကော့စ်၌ သင်ဒါတွေကို ဘယ်က ရမှာလဲ?

ယေရှုက 'သင်တို့သည် လက်ဝါးကပ်တိုင်မှာကွပ်မျက်သော ယေရှုကို ဘုရားသခင်သည် ခရစ်တော် အရာ၌ ၊ အစိုးရသော အရှင် အရာ၌ ၎င်းခန့်ထားတော်မူသည်အကြောင်းကို ဣသရေလအမျိုးသား အပေါင်း တို့ အတပ်အမှန် သိကြလော့' ဟု မိန့်ဆိုခဲ့တယ်။ ဒါမှန်ပါတယ်။ ကျွန်တော်တို့ ထိုအရာကို ဘယ်လို ရနိုင် မလဲ?နိကောလနှင့်။ စတင်ဖို့နှင့် ကတ်သလစ် အဖြစ်ဖွဲ့စည်းဖို့ပါ။

85 ၈၅။ အခုသင်က 'ကောင်းပြီ၊ကျွန်တော်သူတို့ထဲမှ ရှိမနေတာကို ကျွန်တော် အလွန်ဝမ်းသာပါတယ်' ဟုပြောပါတယ်။ အခုသိပ်မသေချာပါနဲ့ဦး။ကြည့်ပါ။ သတိရပါ။ ခရစ်ယာန် ဘာသာ၊ နိကောလ ကိုပါ။ အခု သင် ဇာတ်လမ်းကို နားလည်ပါသလား? ကျွန်တော်တို့ ဝေးဝေးမသွားခင်သေချာနားထောင်ပါ။ ကျွန်တော်တို့ ဒီမှာ ညဉ့်နက်အထိ ရှိဦးမယ်ဆိုရင် ကျွန်တော်သင့်ကို နားလည်စေချင်ပါတယ်။ ကြည့်ပါ။ ... ညီအစ်ကို ဘာကြောင့်လဲ ဆိုတော့သင့်ဝိညာဉ်ဖြစ်လို့ပါ။

သင်က 'ကောင်းပြီ၊ ကျွန်တော်ပိုင်ဆိုင်ပါတယ်...' ဟုပြောပါတယ်။ ဒါမဟုတ်ပါ။ ညီအစ်ကို၊ သင်သန့် ရှင်းသောဝိညာဉ်တော်ကို မရသေးဘူးဆိုရင်၊ သင့်အသင်းတော် ဘယ်လောက်ပဲ ပိုင်ဆိုင်ပါစေ ကျွန်တော်ဂရု မစိုက်ပါ။ သင်ဆုံးရှုံးတာပါ။ သန့်ရှင်းသော ဝိညာဉ်တော် နှစ်ခြင်းအားဖြင့် သင်ဟာဘုရားသခင်၏ ဝိညာဉ်တော် မွေးဖွားခြင်းမခံရသေးဘူးဆိုရင် သင်ရှုံးပါတယ်၊ ဘာကြောင့်လဲဆိုတော့ သင်၏ ဝိညာဉ်တော် မွေးဖွားခြင်း မခံရ သေးဘူးဆိုရင် သင်ရှုံးပါတယ်၊ဘာကြောင့်လဲဆိုတော့ သင်က ထာဝရ အသက်တာကို မရသေးလို့ပါ။ ထာဝရ အသက်တာဆိုတာ ဘုရားသခင်ထမြောက်စေမယ့်တစ်ခုတည်းသောအရာပါ။ ဘာကြောင့်လဲ ဆိုတော့ ဒါက ကျန်ခဲ့သော အသက်တာမို့လို့ပါ။

86 ၈၆။ ကောက်စပါးစေ့တစ်စေ့..... ကျွန်တော် ဒီမှာ ကိုးကားဖူးသောကြောင့် အက်ဝရီကာလ်ချာအာဝါ....။ အသက်ကြီးသောညီအစ်ကိုစပါဂျင်န်၊ ဟန်နရီဗဲလ်၌မက်သဒစ်ဟောပြောသူကို ဘယ်နှယောက်မမှတ်မိကြပါ သလဲ? အံ့သြစရာကောင်းသော အသက်ကြီးလူတစ်မျိုးပါ။ ရက်ဒ်ဖားနစ်ရှ်၏တစ်နေ့၌ ကျွန်တော်တို့ ရေခဲမုန့် ကောင်တာ၌ ကျွန်တော်တို့ ထိုင်ကြပြီး ရေခဲမုန့်စားနေကြတယ်၊ ပြီးတော့ ကျွန်တော်တို့ တက်ခဲ့တဲ့ အစည်းအ ဝေးတစ်ခု အကြောင်းကိုပြောနေကြပါတယ်။ အက်ဝရီ ကာလ်ချာ အာဝါလဲရှိပါတယ်၊ ကျွန်တော်တို့ ထိုင်နေ သောနေရာမှာ ထားထားသော ဖွင့်ထားတဲ့ရက်ဒ်၏ ရေဒီယိုမှာ ဟောပြောနေသူ တစ်ယောက်ရှိပါတယ်။.... လူးဝစ်ဘယ်လ်မှ သတင်းစကားလာနေတဲ့ အတွက်ကြောင့်ပါ။

သို့သော် ၄အက်ချ်ကလပ်မှာ စက်တစ်ခုရှိပါတယ်။ ကောက်စပါးမျိုးစေ့တွေကို ထွက်လာနိုင်စေတဲ့ စက်ပါ။သူတို့က ထုံးခါတ်၊ ရေနံတွေနဲ့ အရာရာတိုင်း ကို ထိုစပါးထဲသို့ထည့်နိုင်ပါတယ်။အဲ့ဒါကို.... နေရာမှာလာသလိုမျိုးအတိအကျလုပ်နိုင်ပါတယ်။

87 ၈၇။ ၄-အက်ချ်မှာအဲ့ဒါရှိပါတယ်။သိပ္ပံ ပညာက ဒါကို ကောင်းဆုံး ကြိုးစားထားပါတယ်။ ထို မျိုးစေ့က လယ်ထဲမှာစိုက်ထားသော ပမာဏ ထဲမှ လက်တစ်ဆုပ်စာ ရသလိုမျိုးကို စက်က လုပ်ထားသော ပမာဏမှတစ်ဆုပ်စာလိုမျိုး နှင့် အရမ်းဆင်တူပါတယ်။ ထို့ပြင် ဒီနေရာအလွန်၌ လှည့်ထားသောစက်ကတူညီသော ပြောင်းဖူးကြော်၊ ပြောင်းဖူးပေါင်း မုန့်တွေကို လုပ်ပါလိမ့်မယ်။

တကယ်တော့၊ သင်ကဒါတွေကို ခါတ်ခွဲခန်းဆီသို့ ယူလာပြီး သူတို့ (မျိုးစေ့တွေ) ကိုလှီးဖြတ်နိုင်ပါတယ်၊ ပြီးရင်သင်ဟာ ဒီအရာတခြားူဆီက လာတယ်လို့ မပြောနိုင့်ပါ။ တူညီသော ရေနံဆီ၊တူညီသော ကယ်လ် ဆီယမ် နှင့် အစိုခါတ်ပမာဏတွေရှိပါတယ်။ အစေ့တစ်ခုထဲသို့ ဝင်သွားသောအရာရာတိုင်းဟာ နောက် အခြားထဲမှာရှိပါတယ်။

ဘယ်အရာက လယ်မှာစိုက်ထားပြီး ဘယ်အရာက စက်ကနေ လုပ်ထားတာလဲဆိုတာသိရမယ့် တိကျ သော နည်းလမ်းတစ်ခုကတော့ထိုတစ်ဆုပ်စာ(၂) ခုလုံးကို မြှုပ်လိုက်ပါ၊ ဟု သူပြောပါတယ်။ ပြီးလျှင် သူတို့နှစ်ခုလုံး ဆွေးမြေ့သွားပါလိမ့်မယ်။ ပြီးနောက် စက်ကနေ လုပ်ထားသော တစ်ခုကပြန်မရှင်လာတော့ပါ။ သို့ သော ဘုရားသခင် စိုက်ပျိုးထားသော တစ်ခုကတော့ ပြန်ထ လာပြီးရှင်လာပါတယ်။ ဘာကြောင့်လဲ? ဘာကြောင့်လဲဆိုတော့အဲ့ဒါက ကောင်းသော မြေမှာ မရှိလို့ပါ။

88 ၈၈။ သင်ဟာခရစ်ယာန်တစ်ယောက်နှင့်တူချင်တူမယ်၊ ခရစ်ယာန် တစ်ယောက်လို မျိုး လုပ်ဆောင်ချင် လုပ်ဆောင်မယ်၊ သင်လုပ်နိုင်သလောက် အကောင်းဆုံး သောပြုအမူတွေကို လုပ်ဆောင်မယ်။ သင့်အသင်းတော်ပေါ်သစ္စာရှိမယ်။ သင်ဟာ သန့်ရှင်းသော ဝိညာဉ်တော် နှင့် မရှင်သန်ဘူးဆိုရင်ဘုရားသခင်၏ အသက် တာ၊ သင့်ထဲသို့ လာနေသော ထာဝရ အသက်တာ...။ဖြောင့်ချက်အားဖြင့်မဟုတ် သန့်ရှင်းသော ဝိညာဉ် တော်၏ လက်ဆောင် အားဖြင့်ပါ။

သင်ဘယ်လိုနားလည်ပါသလဲ? ဆရာဝန် တစ်ယောက်က ပင်တီကောပ့်နေရာ၌ညွှန့်ကြားချက်ကို ရေးပြီး ပြောခဲ့ပါတယ်။ 'နောင်တ

ရ၍တစ်ယောက်မျှ မကြွင်း၊ ယေရှုခရစ်တော်၏ နာမဥ္ဇ ဗတ္တိဇံကို ခံကြလော၊ သို့ပြုလျှင်သန့်ရှင်းသော ဝိညာဉ်တော် တည်းဟူသော ဆုကျေးဇူးတော်ကို ခံရကြလိမ့်မည်။’ သန့်ရှင်းသော ဝိညာဉ်တော်တည်းဟူသောဆုကျေးဇူးတော်ဆိုတာ ထာဝရ အသက်တာပါ။ ဒါဟာ ဘုရားသခင် ထမြောက်စေ သော အရာပါ၊သူရှင်ပြန်ထမြောက်စေနိုင်သော အသက်တာကိုရတဲ့ တစ်ခုတည်းသော အရာပါ၊ ကြည့်ပါ။ သွားနိုင်သော တစ်ခုတည်းသောအရာပါ။ ရှင်းမယ်လို့ ကျွန်တော် ထင်ပါတယ်။ ဘုရားသခင်ကရှင်းလင်းဖို့ ခွင့် ပြုပါတယ်။

89 ၈၉။ နိကောလမှာသမာရိုးကျ ဘက်ခြမ်းရှိပါတယ်။ သူတို့က ဒီဋ္ဌ အသင်းတော်ကိုလက်ထပ်ထားတာပါ။ဒီဋ္ဌပလ္လင်တွေကို ယူဆောင်ပြီး၊ သူ့ကိုစကားပြောစေဖို့ ပြုလုပ်ပါတယ်။ထိုမှာထားထားသော ဂိုဏ်းအုပ်ပုံစံလို မျိုးပါ။ ဒါကို ကြိုးချည်ပြီး၊ဘုရားတစ်ပါးကဲ့သို့ ပြုလုပ်ထားတယ်။ အပြင် ဘက်မှာ ရှိသော အရာကဲ့သို့ မဟုတ်ပါ။အထဲမှာ ရှိသော အရာလိုမျိုးပါ။ ထိုမျိုးစေ့(၂)ခုက တူတယ်လို့ ထင်ရပါတယ်။ အပြင်ဘက်မှာ ရှိသော အရာ မဟုတ်ပါ။ အတွင်းမှာ ရှိသော အရာပါ။ ကြည့်ပါ. အတွင်းက အသက်တာပါ။

ကောင်းပြီး၊ထိုနေရာမှာဒါကို လုပ်ထားပါတယ်။ အသင်းတော်ဘာသာရေးဂိုဏ်းခွဲတွေ၏ မိခင် ဖြစ်သောအစောပိုင်းကက် သလစ် အသင်းတော် မွေးဖွားရာနေရာမှာပါ။

90 ၉၀။ သင်က ‘ကောင်းပြီ၊ ညီအစ်ကိုဘရမ်ဟမ်၊ ကျွန်တော်ကတ်သလစ် မဟုတ်သော အချိန် အတွင်း...’ ဟု ပြောပါတယ်။ တစ်မိနစ်လောက်ပါ။ ။ တစ်နည်းအားဖြင့်၊ ခဏလောက် ဒီမှာရပ်နားရအောင်။ဗျာဒိတ်ကျမ်း အခန်းကြီး (၁၇) ဆီသို့ ကျွန်တော်တို့ ခဏလောက်လှည့်ကြရအောင်။ ထိုအရာဆီသို့ တည့်တည့် မတ်မတ် လှည့်ရအောင်။ အခုဘာရဲ့ ဗျာဒိတ်လဲ? ယေရှုခရစ်တော်၊ သူ့အသင်းတော်တွေဆီသို့။ကျွန်တော် ဖတ်ပြမယ်၊ သေချာ နားထောင်ပါ။။

ဖလားခုနစ်လုံးရှိသောကောင်းကင်တမန်ခုနစ်ပါးတို့တွင် တစ်ပါးသည်လာပြီးလျှင် ငါ့ကို နှုတ်ဆက်၍ ... လာခဲ့ပါ။ ငါပြမည်... ရေပေါ်မှာ ထိုင်သော ပြည့်တန်ဆာကြီး၌စီရင်ခြင်း အမှုကို အခု၊ ကျွန်တော် သက်သေ တစ်ခုရဖို့ရန်။ အမြဲတမ်း လက္ခဏာ တစ်ခုအနေဖြင့် ပေးသောကျမ်းစာတွင် အမျိုးသမီး တစ်ယောက်ဆိုတာ အသင်းတော်ကိုကိုယ်စားပြုတယ်ဆိုတာကို ဘယ်နှယောက် သိကြပါသလဲ? ကောင်းပါပြီ။ ဒီကျမ်းစာထဲမှာ ပဲ ဖော်ပြထားတဲ့ပြည့်တန်ဆာဆိုတာ တောင်ခုနစ်လုံးပေါ်တွင် တည်ထားသော မြို့ ဖြစ် တယ်ဆိုတာ ဘယ်နှယောက် သိပါသနည်း? ကောင်းပါပြီ။ကျမ်းစာက ‘ရေတွေ’ လို့ ပြောထားတာကို ဘယ်နှယောက် သိပါသလဲ? ဒီမှာ သူမက ရေတွေပေါ်မှာ ထိုင်နေပါတယ်။ရေတစ်ခု ပေါ်မဟုတ်၊ ရေ တွေပေါ်မှာပါ။ ‘ရေတွေ’ ဆိုသည်မှာ ‘လူအမျိုးမျိုးအစုစု’ ဟုဆိုလိုပါတယ်။

ဘာကြောင့် လဲ၊အခန်းကြီး ၁၅(၁၇)ကို နားလည်ပါ၊ သင်ဒီမှာ ကြည့်နိုင်ပါတယ်... အခန်းငယ် ၁၅ ကြည့်ပါ။

ယခုမြင်၍ ပြည်တန်ဆာထိုင်သော ရေကား၊ အသီးသီးဘာသာစကားကို ပြောသောလူအမျိုးမျိုး အစုစု ဖြစ် သတည်း။

မြင်လား?

91 ၉၁။ ဒီအမျိုးသမီးကဖောက်ပြန်ရေးသမားဟုတ်တယ်။ မဟုတ်လား?ဒါကို သင်သိနေတာပါ။ ဒါကြောင့် သင့်ရဲ့ အသိတရားကို သင့်နောက်မှာ ထားရပါမယ်။နားလည်လား?၊ ရွံစရာကောင်းသော အမျိုးသမီးကို ‘ပြည့်တန်ဆာ’ ဟုခေါ်တာဟာ ဘာလဲ? သူမ၏ အိမ်ထောင်ကတိဝတ်ကိုမဟုတ်မမှန်လုပ်သော သူလား။

အခုအသင်းတော်၊ကတ်သလစ် အသင်းတော်ဟာ ခရစ်တော်၏ သတို့သမီး နှင့် ဇနီးမယား ဖြစ်ဖို့ခိုင် မာနေပါပြီ။သီလရှင် တွေက သူတို့ရဲ့ ဆံပင် ကိုဖြတ်ပြီး ချစ်ခြင်းမေတ္တာ မရှိတော့ တောင်မှပါ။သူတို့မှာ ခရစ် တော်ဆီသို့သာ ချစ်ခင်မှုရှိပါတယ်။ ဒါမှန်လား? သေချာပါတယ်။ ကျွန်တော်က သူတို့၏ ‘ကျွန်တော်တို့၏ ယုံ ကြည်မှု အချက်များ’ နှင့် သူတို့၏ စာအုပ်များကိုရခဲ့ပါတယ်။သင့်ရဲ့ ပရိုတက် စတင့်တွေနှင့်နှစ်ခြင်းတွေနဲ့ သင်ယုံကြည်သော ဘယ်အရာကိုမဆို ကျွန်တော့်ရဲ့ လေ့လာမှု ထဲမှာ ရှိပါတယ်။ ဒါကြောင့် ကျွန်တော် ဒါကို လေ့လာတယ်။ တစ်ယောက်ယောက်က တစ်ခုခုကို ပြောမယ်ဆိုရင်... ‘ဟိုး’ ကျွန်တော်ကသင့်ရဲ့ ကိုယ်ပိုင် အရာဆီသို့ သင့်ကို ထောက်ခံပေးပါမယ်။ ကြည့်ပါ။

ဤအရာအတွက်ထွက်သွားရမယ့် အချိန် ရောက်ပါပြီ။ ပထမ အရာကတော့ ဘုရားသခင်က လူတွေ သိလောက်မယ့်နိမိတ်လက္ခဏာတွေ၊ အံ့ဖွယ်ရာတွေနှင့် အံ့ဖွယ်အဖြစ် အပျက်တွေကို ပြခြင်းဖြင့်နိုင်ငံတွေကို ဖြတ်ပြီး သွားရပါမယ်။ ဘုရားသခင်၏ သိုးတွေက သူ့အသံကို သိပါတယ်။သူတို့သိပါတယ်။ သူတို့ အတိအကျ သိပါတယ်။ သင်ပထမဆုံးရှာရပါမယ်။ ... သင်မသိသေးဘဲနဲ့သားတယ်။ ထို့နောက် သင်....။ ဘာလုပ်မလဲ?သင်ကအရင်ကထက်ပို၍ ဒုက္ခပြုပါတယ်။ ဖြစ်ပါစေ....ဘုရားသခင်ထိုအရာကို စောင့်ရှောက်ခွင့် ပြုပါကြည့်ပါ။

92 ၉၂။ ‘ပြည့်တန်ဆာကြီး၌ စီရင်ခြင်းအမှုကိုငါပြမည်။ ’ သူမသာအဲ့လိုဖြစ်ရင်၊ သူမက တစ်စုံတစ်ခု ဖြစ်ဖို့ ယုံကြည် ခြင်းခိုင်မာသော အမျိုးသမီးဖြစ်ပါတယ်....။ သူမက ဖောက်ပြန်မှုဆိုတာ ကာမေသုမိစ္ဆာ၊ ဝိညာဉ်ကိုဆန့်ကျင်ပြီး ဖောက်ပြန်နေပါတယ်။ ဒါမှန်လား?ဖောက်ပြန်မှု ဆိုတာ ကာမေသုမိစ္ဆာ၊ ဝိညာဉ်တော်ရေးရာမှောက်မှားခြင်းဖြစ်ပါလိမ့်မယ်။ သူမက လူတွေကို ဘုရားသခင်၏ နှုတ်ကပတ်တော် မဟုတ်တဲ့အရာတစ်ခု တစ်ခုကို သင်ပေးနေတာပါ။ ဒါမှန်လား?သူမက မမှန်သောအရာကို သင်ပေးနေတာပါ။ ဒါဟာ နိကောလ တွေပါ။ ဒီနေရာကိုလာနေတာတွေ့ပါသလား?

ပုပ်ရဟန်းမင်းတွေ၊ဂိုဏ်းချုပ်တွေကိုထားဖို့ သွားနေပြီး သန့်ရှင်းသော ဝိညာဉ်တော်ကို ထုတ်ပယ်ဖို့ပါ။ ‘အံ့ဩဖွယ်နေ့ရက်ကာလ ကုန်လွန်သွားပါပြီ’ ကျမ်းစာက ‘ယေရှုခရစ်တော်သည် မနေ့၊ ယနေ့၊ နောင်ကာလအစဉ်အမြဲ မပြောင်းမလဲ နေတော်မူ၏’ ဟုဆိုထားပါတယ်။ ကျမ်းစာက ‘သင်တို့၏အပြစ်ကို လွှတ်စေခြင်းငှါ နောင်တရ၍ တစ်ယောက်မျှ မကြွင်း၊ ယေရှုခရစ်၏ နာမဥ္ဇဗတ္တိဇံကိုခံကြလော။’ ဟုဆိုခဲ့ပါတယ်။ သူမက ‘ခမည်းတော်၊သားတော်၊နှင့် သန့်ရှင်းသော ဝိညာဉ်တော် ’ ဟု ပြောပါတယ်။

ရေဖြန်းသည်။ ရေလောင်းသည်။ အို၊ တွေ့လား?

93 ၉၃။ ထိုအမျိုးသမီးဘာလုပ်နေလဲဆိုတာကို အခု ကြည့်ပါ။

....လောကီရှင်ဘုရင်တို့သည် မတရားသော မေထုန်ကို သူနှင့် ပြုကြပြီ။မြေကြီးသားတို့သည် သူ၏ မတရားသော မေထုန်၏ စပျစ်ရည်နှင့် ယစ်မူးကြပြီ။ဟုပြောဆိုလျက်။

ယစ်မူးပြီး။ သင့်ကိုသတ်ပြီး။ သင့်ကို သေခြင်းထဲသို့ ပို့ဆောင်ပြီး သင့်ကို ပစ်ပြီး သို့ မဟုတ်၊ အခြားသော အရာ၊ ညီအစ်ကို - သူတို့က ထိုအရာပေါ်မှာ လုံး၀ ယစ်မူးနေကြပါပြီ၊ ကြည့်ပါ။သူမထုတ်ပေးသော ဝိုင်၊ ကြည့်ပါ။ သူမ၏ မတရားသော မေထုန်၏ စပျစ်ရည်။

ကျွန်တော် သင့်ကိုတစ်စုံတစ်ခု ပြောပါရစေ။ ကျွန်တော့် မိခင်က ကတ်သလစ်ပါ။ ကျွန်တော်ကတော့ ...။ ကောင်းပါပြီ။အခုသင်က 'ကြောက်စရာပဲ' ဟု ပြောပါတယ်။ ပရိတက်စတင့်တွေ၊ ခဏလောက်စောင့်ပါ။ (ကျွန်တော်ဒါတွေကို တိပ်ပေါ်မှာ ပြောနေပါတယ်။ ကြည့်ပါ.။)

94 ၉၄။ ငါ့ကိုဝိညာဉ်တော်အားဖြင့်တောသို့ဆောင်သွားလေ၏ သားရဲနီအပေါ်မှာ ထိုင်လျှက်ရှိသော မိန်းမ တစ်ဦးကို ပါမြင်၏။..

'နီ' ဟူသော စကားလုံးဟာ ဘာကို တွေ့ရှိတာလဲ? တော်ဝင်မိသားစုကိုတွေ့ရှိပါတယ်။ဆိုလိုတာက .... ကျွန်ုတော်ဆိုလိုတာက၊ ဆိုလိုတာက၊ဆိုလိုတာက တော်ဝင်၊ သစ္စာ ၊ တော်ဝင်၊ ကြည့်လေ၊ ဘုရင်တွေလိုပဲပေါ့

....ဘုရားကိုကဲ့ရဲ့သော အပြစ်အနာအပြည့်အစုံ ။ခေါင်း ခုနစ်လုံးနှင့်ချိုဆယ်ချောင်းရှိခြင်း။ ခေါင်းခုနစ် လုံးကား၊ မြို့ထိုင်သော တောင်ခုနစ်လုံးဖြစ်၏ထိုမိန်းမသည် ထိုမြို့ဖြစ်တယ်ဆိုတာကို ကျွန်တော်တို့ သိပါတယ်။

ထို့ပြင့်ထိုမိန်းမသည် အဝတ်ဟောင်းကိုဝတ်လျက်....

ထို 'မိန်းမ' သားရဲသည် နီပြီးထိုမိန်းမသည် ခရမ်းရောင် ဝတ်သည်။အခုနောက်နေ့တွေမှာ ပြည်ဖုံးကား (၃)ခု ရှိမယ်လို့ ကျွန်တော် သင့်ကို သတိမပေးခဲ့ဘူးလား? ကျွန်တော် ဘယ်လောက်ထိ အသက်ရှင်ဦးမလဲတော့ မသိပါဘူး။ သို့သော် သတိရပါ။ လွန်ခဲ့သော နှစ်များစွာ တုန်းက ကျွန်တော် သင့်ကိုပြောခဲ့သောကြောင့် ရှုရှားကို ကြည့်ပါ။ ပြည်ဖုံးကား (၃)ခု ရှိပါတယ်။ ဒါကို သတိရပါ။သံပြည်ဖုံးကား ရှိတယ်။ ဝါး ပြည်ဖုံးကား (တရုတ် အနီရောင်၊ အစရှိသဖြင့်။ )ခရမ်းရောင် ပြည့်ဖုံးကားရှိပါတယ်။ သင်ထိုပြည်ဖုံးကားကို ကြည့်ပါ။ ဒါဟာလိမ်လည်တာပါ။ မြောက်များစွာသော...။

95 ၉၅။ ထိုမိန်းမသည်အဝတ်ဟောင်းကို ဝတ်လျက် ... အနီရောင် ... ရွှေတန်ဆာကိုဆင်... ကျောက်မြတ်တန် ဆာ၊ ပုလဲတန်ဆာ(ဒီမှာစကားပြန်ပြောနေသော ကျွန်တော့်ကို သတိရပါ၊ နိကောလ၏ ပထမဆုံး ယဇ်ပလ္လင် က ဘာလဲ? သိလား?) အမျိုးသမီး အသင်းတော် ဖြစ်တယ်ဆိုတာ?ရွှေဖလားကိုကိုင်လျှက် (သင်သတိရလား? ) ရွှေနှင့်တပ်ဆင့်ထားသောပလ္လင်။ ခွက်၊ သူမက လူတွေကို ပေးနေပါပြီ။ စက်ဆုပ်ရွံရှာဖွယ်သော အရာနှင့် ၎င်း၊မိမိ မတရားသော မေထုန်၏ ညစ်ညူးခြင်းနှင့်၎င်းပြည့်သော။

ဒါဟာ သူမလူတွေကိုပေးနေသော အရာပါ။ သူတို့က ဒါကို မျိုချနေပါတယ်၊ သေချာပါတယ်။ ထိုအရာပေါ် ယစ်မူးကြပြီ။ ယစ်မူးပြီ၊ အိုင်ယာလန် ၊ ပြင်သစ်နှင့် အစရှိသော အဖွဲ့များ၊ အကယ်၍သင်က အသင်းတော်ကို ဆန့်ကျင်သော အရာတစ်ခု ပြောမယ်ဆိုရင် သင့်လည်ကို ဖြတ်လိုက်ပါ။သေချာပါတယ်။ သူတို့လုပ်ပါလိမ့်မယ်။ ကြည့်ပါ။

နဖူး၌ အက္ခရာ တင်သောဘွဲ့မူကား၊ နက်နဲသောအရာ၊ ဗာဗုလုန်...။ အခုဗာဗုလုန်က ဘယ်ကို ရွှေ့ သွားတာလဲ?ပေရဂံထဲက ဗာဗုလုန်မှ ၊ ဖြစ်လာပါတယ်....။ စာတန်က သူ့ထိုင်ခုံကိုပြောင်းလိုက်တယ်။ အို၊ ကျွန်တော်တို့ ဗျာဒိတ်အားလုံးကို ဖြတ်ကျော်ပြီးသွားနိုင်မယ်လို့ကျွန်တော် မျှော်လင့်ပါတယ် သို့မှသာ သင်ဒါကို တွေးနိုင်မှာပါ။

....ဗာဗုလုန်မြို့ကြီး။ ပြည့်တန်ဆာတို့၏အမိ၊ မြေ၌ စက်ဆုပ်ရွံ့ရှာဖွယ်ရာတို့၏ အမိပေတည်း။

သူမကဘာလဲ? ပြည်တန်ဆာတို့၏ အမိ၊ သူတို့ကသားမဟုတ်ဘူး။ ဟုတ်လား?

96 ၉၆။ (တိပ်ခွေပေါ်ကနေရာလွတ်).... သူတို့၏ အသင်းတော်။ ဟုတ်ပါတယ်။ ထိုအသင်းတော်ကို ကျမ်းစာထဲမှာ ဗာဗုလုန်လို့ခေါ်တယ်။ မဟုတ်လား ?ကြည့်ပါ။ သူတို့ရဲ့ ကိုယ်ပိုင် စာအုပ်ထဲမှာ၊ ကောင်းပါပြီ။

အခု၊ သူမကပြည့်တန်ဆာမ၊ ကိုယ်ကျင့် သိက္ခာ မရှိသော မိန်းမ၊ ပြည့်တန်ဆာတို့၏ အမိ ဖြစ်လျှင်၊သူမက သမီး ဖြစ်ဖူးရပါမယ်။ အကယ်၍ သူတို့က သမီးတွေ ဖြစ်ရင် သူတို့ကကောင်မလေးတွေဖြစ်ရပါမယ်။ သူတို့က အသင်းတော် ဖြစ်ပါတယ်။ ပရိတက် စတင့်အသင်းတော်ကဘယ်ကနေ လာတာလဲ? ဒါမှန်ရဲ့လား? ကိုယ်ကျင့် သိက္ခာမရှိသော မိန်းမနှင့် ပြည်တန်ဆာ ကွာခြားချက်က ဘာလဲ? အတူတူပါပဲ။

97 ၉၇။ မာတင်လူသာထွက်လာပါတယ်။ လဲလှယ်ဖို့.... စစ်မှန်သော အသင်းတော်ကို အခွင့် အရေးပေးဖို့ ဝက်စလီ ၊ ပင်တီကောစတယ်ထဲသို့။ ယေဘုယျကြီးကြပ်သူတွေနှင့် အရာရာတိုင်းအားဖြင့် နိကောလ ၏ အဖွဲ့ အစည်း အယူအဆဆီသို့ သူတို့ထဲက လူတိုင်းဟာ ပြန်သွားခဲ့ကြတယ်။သူတို့ နှစ်ခြင်းခံဖို့နှစ်ခြင်း ဆီသို့လဲပြန် သွားကြတယ်။ ပုံစံအတူတူ၊အခမ်းအနားတွေအတူတူ၊ ဘာသာရေး အမေအဖြေများနှင့် သူတို့တွေတောင်မှ၊ 'ဟေးလ်၊ မယ်ရီ။' 'ဟေးလ်၊ မယ်ရီ' များမဟုတ်၊ ဒါပေမဲ့...။ ထိုတူညီသောအရာတွေနဲ့

ပတ်သက်သောအ ရာ က ဘာလဲ?တမန်တော် အယူဝါဒပါ။

ညီအစ်ကို၊ကျမ်းစာထဲက တမန်တော်တွေရဲ့ ဩဝါဒကို ကျွန်တော့်အားပြပါ။ သူတို့မှာ အယူဝါဒတစ်ခုရှိမယ်ဆိုရင်၊ တမန်တော် ဝတ္ထု ၂း၃၈ မှာပါ။ သူတို့လူတိုင်းကို ယုံကြည်တယ်။ကျွန်တော်ယုံကြည်သူများ စုရုံ ခြင်းကို ယုံကြည်တယ်။ ဟုပြောပြီး တမန်တော်တစ်ပါးကဩဝါဒတစ်ခုကို ပြုလုပ်တယ်ဆိုတာ သင်ဘယ်မှာ ကြားဖူးပါသလဲ? ယောရှ၊ သော့ရှိသော တစ်ယောက်က ‘ဘုရားသခင်နှင့် လူတို့၏ စပ်ကြားမှာ၊လူဖြစ် သော ယေရှု ခရစ်တည်းဟူသော တစ်ဦးတည်းရှိ၏’ ဟုပြောခဲ့ပါတယ်။

98 ၉၈။ ပရိုတက်စတင့်အသင်းတော်တွေကို ကြည့်ပါ။ သူတို့ဘာလုပ်ခဲ့သလဲ? သူတို့က မကျေနပ်နိုင်ပါ။ ထွက်လာသော သူတို့ထဲမှ တစ်ယောက်စီကပင်တီကော့စ်ကျေးဇူးတော်နှင့် အတူထွက်လာကြတယ်။ အတိ အကျကို မှန်ပါတယ်။မာတင်လယသာတောင်မှ အခြားသော ဘာသာစကားဖြင့် ပြောခဲ့သည်။ တိတိကျကျ မှန်ပါတယ်။သူကိုယ်သူ ခွင့်ကောင်းပြီး။ ‘ဘုရားသခင်၊ကျွန်တော် ပြောနေသော ကြောက်စရာ စကားတွေ… ကျွန်တော်ဘာပြောနေမှန်းတောင် ကျွန်တော်မသိပါ။’ ဟုပြောနေပါတယ်။ တွေ့လား? သေချာပါတယ်၊ သူဒါ ကို ယုံကြည်ပါတယ်။ သူအသေအချာလုပ်ခဲ့ပါတယ်။

အခု၊ ဒီကာလအောက်မှာသူတို့မှာ ဝိညာဉ်တော် ရှိတယ်၊ ဒါပေမဲ့ သူတို့ဟာ အမြဲတမ်း စလှုပ်ရှားပြီးပထမဆုံးတည်ထောင်သူတွေ မရှိတော့ပြီးနောက်သူတို့ တွေက အဖွဲ့အစည်းကို ပြုလုပ်ကြတယ်။အကယ်၍ သင်က လူသာရင် အသင်းတော်ဆက်လုပ်ခိုင်းပြီး ဒါကို မဖွဲ့စည်းဖူးဆိုရင် ဒါကပင်တီကော့စ်စတယ်လို ဖြစ်သွားပါလိမ့်မယ်။ ပင်တီကော့စ်စတယ်လ် အသင်းတော်ဆိုတာ ဘာလဲ? ကျွန်တော် ဆိုလိုတာ တကယ့် အစစ်မှန်ပင်တီကောစ်စတယ်လ်ပါဂိုဏ်းခွဲ မဟုတ်ပါ။အိုးနှင့်ကရားလိုမျိုးပါပဲ။ မြင်လား?သူတို့က တူညီသော အရာကိုပဲ လုပ်ကြပြီ၊ ထိုအရာက သူတို့ကို နိကောလထံသို့ပြန်ထားထားးပါတယ်။ သူတို့အစအဦး၌ လုပ်ခဲ့ သလို မျိုးပါ။ ဘယ်နှစ်ယောက် မြင်ကြပါသလဲ? ‘အာမင်’ ဟုပြောပါ. ဝတ်ပြုရန် လာသော သူတွေက အာမင်ဟုပြောပါသည်။ ကျွန်တော့်မှာ သင့်စကားတော်ရှိပါတယ်။ အဲ့ဒါကတော့ သင်က…။

99 ၉၉။ ကြည့်ပါ။ပြည့်တန်ဆာတို့၏ အမိ။ သူတို့ကသာ ပြည့်တန်ဆာတွေဆိုရင် သူတို့ ဘယ်လိုပြည်တန်ဆာဖြစ်လာခဲ့တာလဲ? ဘုရားသခင်၏စကားတော်ကို ဆန့်ကျင်ပြီး မတရားသောမေထုန်ကို ပြုသောကြောင့်ပါ။ ဘုရား၏နှုတ်ကပတ်တော်က ‘နောင်တရ၍ယေရှုခရစ်၏ နာမ၌ ဗတ္တိဇံကိုခံကြလော့’ ဟုဆိုလျှင် လူတိုင်းက ယေရှု၏ နာမ၌ ဗတ္တိဇံခံရပါမယ်။ သို့သော်သင်က ‘ခမည်းတော်၊သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်’ နှင့်ယူမယ်ဆိုရင် ဒါက ပြည်တန်ဆာလုပ်ခြင်းပါပဲ။ ဒါမှန်ပါသလား? ထို့ပြင် ကျမ်းစာထဲမှာနှစ်ခြင်းခံခြင်းဆိုတာ နစ် မြှုပ်ခြင်းကိုစကားလုံး ‘ဘယ်တီဇို’ အားဖြင့် ဖြစ်တယ်ဆိုရင် သင်က ရေဖျန်းခြင်းနှင့် ရေလောင်းခြင်းကို ဘယ်လိုရနိုင်ပါသလဲ? ဒါကဘယ်ကိုလာတာလဲ?

အကယ်၍ သင်က လက်ဆွဲနှုတ်ဆက်ခြင်းကို အစားထိုးမယ်၊ သို့ မဟုတ် သင့် နှုတ်ကခမ်းပေါ်မှာ ေဂဖာတစ်ခုတင်ပြီးမျိုချခြင်း ကို အစားထိုးမယ်၊ သို့မဟုတ် သန့်ရှင်းသော ဝိညာဉ်တော်အတွက် ထိုလိုမျိုး တစ်စုံတစ်ရာကို အစားထိုးမယ်ဆိုရင် ၊ ကောင်းကင်မှထုထည်ကြီးမားသော လေလိုမျိုး သန့်ရှင်းသော ဝိညာဉ်တော်က ဆင်းကြွ လာပြီး လူတွေကိုဖြည့်ကာ အခြားသော ဘာသာစကားကို ပြောစေပါတယ်၊ ယစ်မူးနေသော လူတစ်ယောက်လိုအော်ဟစ်ပြုမူပါတယ်။ ပြီးတော့ သင်က လက်ဆွဲနှုတ်ဆက်တာ ၊ အသင်း တော်ထဲမှာ စာထည့်တာ၊သို့ မဟုတ် ထိုလိုမျိုး တစ်စုံတစ်ခုကို သင် အစားထိုးမယ်ဆိုရင် သင်က ဝိညာဉ် ရေး ရာမေထုန်ကို ကျူးလွန်ခြင်း မှ ဘယ်လိုထွက်မလဲ?

100 ၁၀၀။ အခုသင့်ကို သင်မေးကြည့်ပါ။ သင့်စိတ်ကို လှုပ်ခါပြီး၊ သင့်နှလုံးသားကို ဖွင့်ကာရိုးသားပါ၊ ညီနောင် များ ကျွန်တော်တို့က လမ်းဆုံးမှာ ရောက်နေပါပြီ။ ဒီတွေဆုံပွဲကြီးဟာအချည်းနှီး သက်သက်ပြုလုပ် ထားတာ မဟုတ်ပါ။ ဘုရားသခင်က အစီအစဉ်ထားလို့ပါ။ သူ့အစေခံဖြစ်ဖို့ သင်ကျွန်တော်ကို ယုံကြည်သ လောက် ကျွန်တော်ဒါကို ယုံကြည်ပါတယ်။ကျွန်တော် ဒါကို ယေရှုနာမ၌ ပြောပါတယ်။ အဲ့ဒါကတော့ ဘုရား သခင်က ဒီကို လာဖို့ကျွန်တော့်နှလုံးသားဆီသို့ ထားပါတယ်။ ကျွန်တော် ဒါကို လုပ်တဲ့အတွက် ပဲနီတစ်စေ့ ကိုတောင် မရပါ။

ထိုလိုမျိုးတစ်စုံတစ်ခု။သို့ မဟုတ် တစ်နေရာရာ က ဖျားနာသူကို ကျွန်တော် ဒီမှာ ဆုတောင်းပေးနိုင် ပါတယ်။သို့မဟုတ် ဟိုတယ်ဘက်မှာ ငါးဖမ်းပြီး ထိုပမာဏအတိုင်း ပိုက်ဆံယူနိုင်ပါတယ်။ကျွန်တော် အသင်းတော်မှ လစာရပါတယ်။ သို့သော် ဘုရားသခင်က ကျွန်တော့်နှလုံးသားပေါ်မှာ ထားထားပါတယ်။ ကျွန် တော်ထိုအရာ အဝေးမှ မထွက်သွားနိုင်ပါ။ကျွန်တော့်ကို မျက်ရည်ကျစေတုန်း ပါပဲ။ ပြီးတော့ ကျွန်တော်ထက် လဲ လုပ်နိုင်သမျှလုပ်နေပါတယ်။ ဘုရားသခင်၏ နာမအားဖြင့် ကျွန်တော် ဒီမှာ ဘယ်လို လုပ်ရမလဲဆိုတာကျွန်တော် သိသော အရာတိုင်းကို လုပ်ဆောင်နေပါတယ်။ သင့်ကို မကျော်သွားပါစေနှင့်။

101 ၁၀၁။ ပရိုတက်စတင့်ရေကတ်သလစ်နှင့် ပရိုတက်စတင့် အသင်းတော်အားဖြင့် ကျွန်တော် ဘာကို ဆိုလိုလဲ ဆိုတာသင်မြင်လား? တစ်ခုကတစ်ခြားတစ်ခုနှင့် တူပါတယ်။ အတိအကျ မှန်ပါတယ်။

‘လက်ထပ်ခဲ့သည်’ ဟု ဆိုလိုတာပါ။ ‘ပေရဂံ’ ဆိုတာ ‘လက်ထပ်ခဲ့သည်’ ဟုဆိုလိုတာပါ။ အခု၊ ယူကြ ရအောင်…. သူက ‘ဗာလမ်၏အယူကို စွဲလမ်းသောသူတို့’ ဟုဆိုခဲ့ပါသည်။ဒါကို ယူကြရအောင်။ ကျွန်တော် တို့ အချိန် ရလား?ကျွန်တော် ပြန်နိုင်သမျှမြန်မြန်လုပ်ဆောင်ပါမယ်။ သို့မဟုတ်ကျွန်တော်တို့ မနက်ဖန် မှာ ပြန်လာနိုင်လားဆိုတာကို သင်စောင့် ကြည့်မလား? ဘယ်နှယောက်လောက် ကကျွန်တော်တို့ကိုအနည်းငယ် ကြာအောင် ဆက်လုပ်စေနိုင်ပါမလဲ?ကောင်းပါပြီ။ အခု၊ ဒီမှာ ပူတယ် ဆိုတာ ကျွန်တော် သိပါတယ်။ သင်ဒီမှာ ဆက်ထိုင်နေပြီး ပူတယ်ဆိုတာ ကျွန်တော် သိပါတယ်။ သင်ဒီမှာ ဆကက်ထိုင်နေပြီး။ ပူတယ်ဆိုရင်သင်ဒီမှာ ဘာကို တွေးမလဲ။ သိလား?သို့သော်အို၊ ကျွန်တော်တို့က ပူတဲ့ နေရာက နေထွက်သွားဖို့ ကြိုးစားနေပါတယ်။ဒါပါပဲ။ …. ထာဝရ။

102 ၁၀၂။ အခု၊အခု၊ သေချာပေါက် သူတို့ ဒီလိုမျိုး အသင်းတော်ကို တည်ထောင်တဲ့ အခါ၊ ဘာဖြစ်ခဲ့လဲ? သေသေချာချာနားထောင်ပါ။ ကလေးများ။ဘာဖြစ်ခဲ့ပါသလဲ? ဘာကြောင့်လဲ၊တကယ်တော့ ၊ ဒါကအသင်း တော်ဆီသို့ သန့်ရှင်းသော ဝိညာဉ်တော်ကို ယူဆောင်ခဲ့တယ်။ အံ့သြစရာမရှိပါဘူး။ သူတို့ရဲ့ ဂိုဏ်းချုပ်တွေ တစ် ယောက်မှ သေသောသူကိုမထမြောက်စေနိုင်ပါ။ သို့မဟုတ် အံ့ဖွယ်ဖြစ်ရပ်တွေကိုလဲ မပြုလုပ်နိုင်ပါ။ ပြီးတော့သူကို မထမြောက်စေနိုင်ပါ၊ သို့ မဟုတ် အံ့ဖွယ်ဖြစ်ရပ်တွေကိုလဲ မပြုလုပ်နိုင်ပါ။ပြီးတော့ သူတို့က သူတို့ရဲ့ အသင်းတော်မှာရှိသော သန့်ရှင်းသော အချို့ ရဲ့ အကြောင်းကို ပြောနေကြတယ်။ သူတို့ကထိုအရာကို ကန့် ကွက် ကြတယ်။ ဒါပေမဲ့ သူတို့ကို တော့ အခိုင်အမာ ဆိုတယ်။

ဂျွန်အော့ဖ်က၊ထိုမိန်းခလေးကိုကြည့်ပါ။ ကျွန်တော် ကတ်သလစ် လူတွေ၊ သို့မဟုတ် ပရိုတက် စတင့် တွေ ၊သင်တို့တွေကို ပေးပါမယ်။ ဂျွန်အော့ဖ်က ...။သူမရဲ့နေရက်ကာလတွေ ပြင်သစ်မှာတော့ ရှိခဲ့ပါတယ်။ ဘုရားသခင်က ထိုမိန်းခလေးပေါ်သို့လှူပ်ရှားခဲ့ပြီး၊ သူမမှာ သန့်ရှင်းသော ဝိညာဉ်တော် ရှိခဲ့တယ်။ ဒါဆို သူမဘာလုပ်ခဲ့လဲ? သူမကအနာဂတ်ဟောပြောနိုင်တယ်။ ဘုရားသခင်က သူမကို နိမိတ်ဖွင့်ပြခဲ့ပြီး သူမက ဒါကိုဟောပြောခဲ့တယ်။ သူမက ဖျားနာသူကို ဆုတောင်းပေးတယ်။ သေအံ့ဆဲ သူကိုဆုတောင်းပေးပြီးပြန်ရှင်သန် စေခဲ့တယ်။ ဒါဟာ ပင်တီကော့စတယ်လ်ပါ၊ ကြည့်ပါ။

သူမဟာ ကတ်သလစ် အသင်းတော်ကိုဆန့်ကျင်သောကြောင့် ကတ်သလစ် အသင်းတော်က သူမကို ဘာလုပ်ခဲ့လဲ? သူတို့က သူမကို စမ်းသပ်မှုတစ်ခုသို့ခေါ်ပြီး မီးရှို့သတ်ရာတိုင်တွင် စုန်းမတစ်ယောက်လို မီးရှို့ခဲ့တယ်။

103 ၁၀၃။ သူသင်က ‘သန့်ရှင်းသူဂျွန်ကော့ဖ်အာ’ ဟုခေါ်တယ်။ လွန်ခဲ့သောနှစ်ပေါင်းနှစ်ရာက အသင်းတော်က သူ့ကိုဘာလုပ်ခဲ့သလဲဆိုတာကို တွေ့သောအချိန်တွင်သူကသန့်ရှင်းသောသူ တစ်ယောက်အဖြစ် ... အို၊ တစ်ကယ်တော့ သူတို့ကအဲ့ဒါအတွက်နောင်တရခဲ့တယ်။ သူတို့ကသူမကိုသေဖို့ခွင့်ပြုခဲ့သော ဂိုဏ်းချုပ်တွေရဲ့ခန္ဓာကိုယ်တွေကို တူးဖော်ပြီးသူတို့ကိုမြစ်ထဲ၌ မျှောချခဲ့တယ်။ ဒါကလက်ရဲ့အသွေးကိုဆေးကြောတယ်ဆိုတာသင်တွေ့လား?

ကျမ်းစာက ‘သက်သေခံတိုင်း၏အသွေးကို သူမထံ၌ငါတွေ့၏။’ ဟုဆိုထားပါတယ်၊ ဘုရားသခင်၏ကောင်းကင်တမန်က ပြောခဲ့သောအရာကို ဗာဗုလုန်၌တွေ့ပါတယ်။ကိုယ်ကျိုးစွန့်သောအသက်ပေးသူတိုင်း၊ သို့မဟုတ်၊ သက်သေခံတိုင်း၊ သိုမဟုတ်ခရစ်တော်၏သန့်ရှင်းသူတိုင်းကို နိကောလခေတ်တစ်လျှောက်တွင် တွေ့ရှိခဲ့ပါတယ် -သက်သေခံတိုင်းဒါကို စဉ်းစားပါ။ (ကျေးဇူးတင်ပါတယ်၊ ညီအစ်ကိုဘန်) အခုဒါကိုစဉ်းစားပါ။

104 ၁၀၄။ အခုနည်းနည်းဝေးဝေးမှာပါ။ခရစ်ယာန်အသင်းတော်က ဗာဗုလုန်ကိုလက်ထပ်ခဲ့တယ်။ ‘ပေရဂံ’ဆိုတာ ‘လက်ထပ်ခြင်း’ပါ။ မာလစ်ရဲ့ အယူအဆ ‘ဗာလမ်၏အယူကိုစွဲလမ်းသောသူသူတို့သည်သင်၏နေရာ၌ ရှိကြသည်။’

အို၊ကျွန်တော်ထိုအရာတွေကိုနှစ်သက်ပါသည်။ အို၊ သင်ကထိုတစ်ခုအပေါ်မှာ အနည်းငယ်ကြာအောင်နေနိုင်လားဆိုတာ ကြည့်ပါ။ သို့သော်သင် ... ။ ကျွန်တော်တို့ကသင့်ကိုမြင်ခွင့်ပြုချင်ပါတယ်၊ ထို့ပြင် တစ်စုံတစ်ခုဆီသို့ ရွှေ့စေချင်ပါတယ်၊ဘာကြောင့်လဲဆိုတော့ ရွှေခဲတွေနဲ့ပြည့်လို့ပါ။ ကျွန်တော်ကရွှေရှာသူပါ။ ကျွန်တော်ကထိုရွှေတုံးတွေဆီသို့ဆင်းပြီး တူးထုတ်ရတာကိုကြိုက်ပါတယ်။ ပြီးတော့သူတို့ကိုပြောင်လက်ပြီး အရောင်တင်ကာ သူတို့ကိုကြည့်ရတာကြိုက်ပါတယ်။သူတို့ထဲကလူတိုင်းဟာ ယေရှုခရစ်တော်ပုံရိပ် ထင်ပါ တယ်။ သူတို့ထဲကလူတိုင်းပါ၊ -ကြည့်ပါ။ သူတို့ထဲကလူတိုင်းဟာ ယေရှုခရစ်တော်ပုံရိပ်ထင်ပါတယ်။ သူကအာလဖဖြစ်၏။ ဩမေကလည်းဖြစ်၏။ - ရွှေတုံးထဲက ရွှေအတိုင်းအတာ ကာရက်တိုင်း။ ဒါမှန်ပါတယ်။သူကအဲ့ဒါဖြစ်ပါတယ်။ သူကဘုရားဖြစ်ပါတယ်။ သူကကျွန်တော်တို့လူသားကိုဖန်ဆင်းခဲ့တာပါ။

105 ၁၀၅။ ယခု၊ရဖို့ရန်အလို့ငါ ... ။ ထိုအရာအတွက်ကျွန်တော်အချိန်မဆွဲတော့ပါ။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်ရခဲ့တယ် ... ။ ကိုးလို့ ကျွန်တော်မြင်ပါတယ်။ဘုရားသခင်သာဆန္ဒရှိမယ်ဆိုရင် ဒီညမှာ ကျွန်တော်လို ချင်တဲ့အခြားအရာတစ်ခုကိုကျွန်တော်ရပါတယ်။ ဒါကိုသင်ကောင်ချက်ချထားပြီး မနက်ဖန်မှာ ဆက်စေချင် ပါတယ်။ နံပါတ်၂၂ကနေ ၂၅ထိချထားပါ။ အခုဒါကိုဖတ်စေချင်ပါတယ်။ သင်ကျွန်တော့်နောက်ကိုလိုက်နိုင်ပါတယ်။ အခုနံပါတ် ၂၂ကနေ ၂၅ထပါ။

